လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party for a New Society(DPNS)

ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၁)၊ အမှတ် (၉) အောက်တိုဘာ၊ ၂၀၁၇







မာတိကာ

ပါတီ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ သဘောထား စာ ၃

ဒီမိုကရေစီဆန့်ကျင်ရေးလှုပ်ရှားမှု
ငြိမ်းချမ်းရေးဆန့်ကျင်ရေးလှုပ်ရှားမှု စာ ၄

သဘောထားထုတ်ပြန်ချက် (၆/ ၂၀၁၇) စာ ၇

သဘောထားထုတ်ပြန်ချက် (၇/ ၂၀၁၇) စာ ၉

၂၉ နှစ်ခရီးကြမ်းက ပေးအပ်လိုက်တဲ့
အားသစ်အင်သစ်တွေ စာ ၁၀

ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်မှ ဖြေကြားချက် စာ ၁၃

စီ စဉ် သူ

ဦးအောင်မျိုးဦး

ထုတ် လုပ် သူ များ

ကိုမြတ်လင်းထွေး
မအေးမြတ်သန္တာ

Main ပုံနှိပ်တိုက်(၀၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်

ပြော ချင် တဲ့ အ ကြောင်း

ဆန္ဒအမွန် ပြုအပ်ပါသည်

နေပြည်တော် လေဆိပ်တွင် သေနတ်လက်နက်များ ရှာဖွေ၊ သိမ်းဆည်းရမိသည့် သတင်း ထွက်ပေါ်လာသည်။ တဆက်တည်းပင် ဆက်စပ်တရားခံတချို့၊ ဆက်စပ် နေရာဌာနတချို့မှ ထို့ထက် ထို့ထက် ပမာဏများပြားသော သေနတ်လက်နက်များ သိမ်းဆည်းရမိသည်ဟု ကြားသိရသည်။ တပ်စိတ် တစ်စိတ်စာမျှမက တပ်စု တစ်စုနှီးပါးစာ ကိုင်ဆောင်တိုက်ပွဲဝင်နိုင်သည့် လက်နက်ငယ်များဖြစ်သည်။ မီဒီယာများရှိ ခေတ်ပုံတချို့ တစေ့တစောင်းကြည့်မိသည်။ အသစ်စက်စက်များဟု ထင်ရသည်။ မှောင်ခိုစျေးကွက်တွင် တန်ကြေးမသေးလှ၊ အတော် အဖိုးထိုက်ပေမည်။

ဒေသအနှံ့အပြားတွင် မငြိမ်မသက် ပဋိပက္ခများ၊ ၄င်းအတွက် ဆင့်ပွားဂယက်ရိုက်လာသည့် နိုင်ငံတကာဆက်ဆံရေး အကျပ်အတည်းများ၊ လူထုလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ရင်မအေးစရာများ တင်းကြပ်ပြည့်နေသော အရှုပ်အထွေးကာလတွင် ဤသတင်းမျိုး ထွက်ပေါ်လာသည်။ မိမိတို့ လူထု၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ မျှော်လင့်ချက်နှင့် ရွှင်လန်းတက်ကြွမှုများ ဇက်သတ်ခံရသည့်နှယ် ထိခိုက်လှသည်ဟု သုံးသပ်မိသည်။

နေ့စာ နေ့၊ ညစာ ည ဆိုသလို စားရေးမျှကိုပင် ပြည်သူများရာစုကြီးက ရုန်းနေကြရသည်။ လူတစုက ခနဥစ္စာကို ထားဘိဦး၊ ငွေနှင့်စက်၍ သေနတ်တွေကိုပင် အလျှံပယ်ကိုင်နေသည်။ လူမှုပဋိပက္ခ ပေါင်းစုံက တစ်ဖက်၊ အပစ်ရပ်စဲရေး ငြိမ်းချမ်းရေးအလားအလာ လျော့ပါးမှုများကတစ်ဖက်၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးနိုင်ခြေ နည်းပါးမှုကတစ်ဖက် စသည့် ဘက်စုံအကျပ်ရိုက်မှုများကြား မိမိတို့၏ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲရန် အားထုတ်မှုက အရှိန်အဟုန် အီနေသည်။ ဤမျှနှင့်ပင် မပြီးမစီးနိုင်သေး။ တုန်လှုပ်ဖွယ် သေနတ်လက်နက်များက အဘယ်ဦးတည်ဖက်သို့ ပြောင်းဦးလှည့်ချေမည့် အရာများပေလဲ။ ကိုယ်ပိုင်လုံခြုံရေးအတွက် လက်နက်များဟုဆိုလျှင်လည်း ရင်မအေးနိုင်ပါ။ မည်ရွေ့ မည်မျှ ပိုင်ဆိုင်သော ကိုယ်ပိုင်များအတွက် မည်သည့်အတိုင်းအတာအထိ လုံခြုံစေရန် လက်ဦးမှုရှိရှိ ကာကွယ်ကြတော့မည်နည်း။

မည်သူမည်ဝါ၏ လုံခြုံရေးအတွက် စိုးရိမ်မကင်း ဖြစ်ကြကြောင်းများလည်း ကြားမိသည်။ စင်စစ် မိမိတို့တိုင်းပြည်အတွင်းရှိ လူတစ်ဦးချင်းတိုင်းအတွက် စိုးရိမ်ဖွယ်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲနိုင်ရေး ဦးတည်နေမှုအတွက် စိုးရိမ်ဖွယ် ဖြစ်သည်။

အလားတူများ၊ နောက်နောင်များအတွက်ပါ အာမခံချက်ရှိသည့် အရေးယူဆောင်ရွက်မှုများကို မြက်ဝါးထင်ထင် မတွေ့မမြင် ရပါလျှင် မိမိတို့လူ့အဖွဲ့အစည်းတွင် အေးချမ်းတည်ငြိမ်မှု၊ လုံခြုံစိတ်ချရမှု၊ တစ်ဦးအပေါ်တစ်ဦး တစ်စုအပေါ်တစ်စု သင်္ကာရန်ငန်းရှင်းစွာ ယုံကြည်နိုင်မှုများ ယိုင်နဲ့သွားလိမ့်မည်ဖြစ်သည်။ ပြိုလဲသွားသည်မျိုးအထိလည်း မဆိုစကောင်း ဖြစ်လာနိုင်ပါသည်။

တရားနည်းလမ်းတကျ စိစစ်မှု၊ ဖော်ထုတ် အရေးယူမှု၊ တာဝန်ယူမှု တာဝန်ခံမှုရှိစွာ ဖြေရှင်းဆောင်ရွက်ခြင်းများဖြင့် ကျဆင်းသွားကြရသည့် မိမိတို့ပြည်သူလူထု၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ မျှော်လင့်ချက်နှင့် ရွှင်လန်းတက်ကြွမှုများကို ပြန်လည်ကုစား တည်ဆောက်နိုင်ပါရန် လေးလေးနက်နက် ဆန္ဒပြုအပ်ပါသည်။

အယ်ဒီတာအဖွဲ့(၂၀၊ ၁၀၊ ၂၀၁၇)

မြန်မာပြည်သစ်တည်ဆောက်ရေး အခြင်းသဘောထား

ပြည်သူလူထုအား ကိုယ်စားပြုသော ဒီမိုကရက်တစ်အစိုးရ
အနာဂတ်မြန်မာပြည်အစိုးရသည် –

တရားဥပဒေစိုးမိုးမှုကို ပြည်သူပြည်သားတိုင်း ရှင်းရှင်းလင်းလင်းသိရှိစေရန် လုပ်ဆောင်ရမည်။ တရားဥပဒေနှင့် စည်းကမ်းများသည် ဘက်စုံထောင့်စုံမှ ပြည့်စုံပြီး ပြည်သူများအတွက် အကာအကွယ်ဖြစ်စေရမည်။ ပြည်သူပြည်သားတိုင်းက လွတ်လပ်ပွင့်လင်းသော တရားစီရင်ရေးစနစ်နှင့်တကွ တရားရေးဆိုင်ရာ အကူအညီများအား လက်လှမ်းမီနိုင်စေရေး၊ တရားရင်ဆိုင်ရာတွင် ကုန်ကျနိုင်သည့်စရိတ်များ တတ်စွမ်းနိုင်စေရေးတို့အတွက် လုပ်ဆောင်ရမည်။

ပါတီ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ သဘောထား

■ စောဝင်း ■



ပြီးခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါတီဥက္ကဋ္ဌက မေးခွန်းမေးသူတစ်ဦးကို ဖြေခဲ့တာရှိတယ်။
မေးခွန်းက 'ပါတီကသာ နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး တစုံတရာ တာဝန်ယူခဲ့ရသည်ရှိသော် ဘယ်လိုမူဝါဒမျိုး ချမှတ် ဆောင်ရွက်ဖို့ ရှိပါသလဲ' တဲ့။

ဥက္ကဋ္ဌ ဖြေတဲ့အဖြေက 'တကယ်လို့ ပါတီကသာ နိုင်ငံခြားရေးမူဝါဒကို ဆုံးဖြတ်ဖို့ တာဝန်ယူခဲ့ရရင် လူအခွင့် အရေးအပေါ် အခြေခံတဲ့ နိုင်ငံခြားရေးမူဝါဒမျိုး ချမှတ် ဆောင် ရွက်ဖြစ်လိမ့်မယ် ထင်တယ်။ အကြောင်းက ဒီနေ့ နိုင်ငံတကာ ဆက်ဆံရေးတွေမှာ ကိုယ့်နိုင်ငံခြားရေးပေါ်လစီဟာ ဒီလို လူ့အခွင့်အရေး အခြေခံပေါ်က စဉ်းစားဆောင်ရွက်မှုမျိုး ဖြစ်တယ် ဆိုတဲ့အချက်ကို အသားယူဖေါ်ပြခြင်းနဲ့ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်နေကြတာဖြစ်လို့ ကိုယ့်နိုင်ငံကလည်း အလားတူ လုပ်ဆောင်သင့်တယ်လို့ စဉ်းစားမိတယ်' လို့ ဖြေပါတယ်။

အဲ့ဒီမှာ ဗဟိုစည်းရုံးရေးကော်မတီဝင်တစ်ဦးက ကျနော့်အနားကပ်ပြီး ရယ်စရာအဖြစ် ခပ်သောသော မေးခွန်း ထုတ်တယ်။ 'ပါတီက နိုင်ငံခြားရေးဝါဒရယ်လို့ အဲ့ဒီလို တိတိကျကျ ရေးဆွဲထားတာ ရှိရဲ့လား' တဲ့။ 'မရှိဘူးလေ၊ ဒါ သူ့သဘောနဲ့သူ ပြောနေတာဘဲ' လို့ ဖြေခဲ့မိတယ်။ တကယ်က အသောကို အရှန်းနဲ့ ပြန်ချေတဲ့သဘောပါ။

ဆွေးနွေးပွဲအပြီး ဥက္ကဋ္ဌနဲ့အတူတူ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဝိုင်းကြ၊ ထိုင်ကြတော့လည်း ဒါကို သောစရာအဖြစ် ပြန် ဖေါက်သည်ချရင်း ဥက္ကဋ္ဌကို နောက်မိတယ်။ သူကတော့ ရယ်စရာမဖြစ်ဘဲ တုန်လှုပ်သွားပုံပဲ။ အခြားပါတီခေါင်းဆောင်များ လက်ခံ မခံ မသေချာတဲ့ မူဝါဒမှာ တိတိကျကျ ပြဋ္ဌာန်းမထားတဲ့ဟာကို ဥက္ကဋ္ဌဖြစ်သူက လူသိရှင်ကြား ပြောမိခဲ့ပြီဆိုရင် နိုင်ငံရေးပါတီဆိုတာက ပြဿနာရှိတာကိုး။ ပါတီဥက္ကဋ္ဌဟာ ပါတီရဲ့နိုင်ငံရေးကို ဖွဲ့စည်းပုံ စည်းမျဉ်းကို အပြည့် တာဝန်ခံရမယ်ဆိုတဲ့ ပါတီ၊ Institutionalized ဖြစ်ရမယ်လို့ ကြုံးဝါးကြွေးကြော်နေတဲ့ပါတီ၊ စထွက်ကတည်းက ခေါင်းဆောင်တွေအချင်းချင်းကြား ဗိုလ်မထား ဓလေ့ ကြီးလုတဲ့ပါတီ၊ DPNS က အဲဒီလိုပါတီဖြစ်တော့ ဒါကို ပြောလိုက်တာ ပေါ့ပေါ့ပါးပါး အသောအရှန်းစကား မဟုတ်သလို ဖြစ်သွားတာကိုး။

ပါတီဖွဲ့စည်းပုံရဲ့ အထွေထွေနိုင်ငံရေးသဘောထားနှင့် လတ်တလောလုပ်ငန်းစဉ်များမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနဲ့ ပတ်သက်တဲ့သဘောထားဆိုတာ ပါတယ်။ နိုင်ငံတကာ အကူအညီတွေနဲ့ပတ်သက်တဲ့ သဘောထားဆိုတာ ပါတယ်။ အကြောင်းအရာ ဆက်စပ်မှုရှိတဲ့ အကြမ်းဖက်ဝါဒနဲ့ ပတ်သက်တဲ့ သဘောထားဆိုတာ ပါတယ်။ နိုင်ငံခြားရေးမူဝါဒကို တိတိကျကျ ပြဋ္ဌာန်းဖေါ်ပြထားခြင်း မရှိဘူးလို့ ဆိုနိုင်ပါတယ်။ ဒါက ပါတီဝင်လက်စွဲလို့ အမည်ပေးထားတဲ့ ပါတီရဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းစာအုပ်ငယ် အလိုအရပါ။

သို့သော် ပါတီက ၂၀၁၃ မှာ ပြန်လည်မှတ်ပုံမတင်မီ အောက်တိုဘာလ ၅–၆ ရက်တွေက ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေးမှာ ပါတီရဲ့မူဝါဒတွေ၊ ဖွဲ့စည်းပုံစည်းမျဉ်းတွေ စသည်ဖြင့် ပြန်ဆွေးနွေးကြ၊ ပြင်ဆင်အတည်ပြုခဲ့ကြစဉ် တုန်းကတော့ ဒီထက်ကျယ်ပြန့်တဲ့ အချက်တွေ ဆွေးနွေး အတည်ပြုဖြစ်ခဲ့ကြပါတယ်။ ဒါ့ကြောင့် စည်းရုံးရေးလုပ်ငန်းတွေ လူထုကြား လက်တွေ့ဆောင်ရွက်ကြတဲ့အခါ မေးလေ့ရှိတဲ့ မေးနိုင်တဲ့ မေးခွန်းတွေကို ဖြေကြားဖို့ Notes for Issue ဆိုတဲ့ အမေး–အဖြေ စာစဉ်ငယ်လေး ပြုစုခဲ့ကြပါတယ်။ အဲဒီမှာက ထပ်ပြီး အကြောင်းအရာအရ ဆက်စပ်မှုရှိတဲ့ ၁၉၈၂ နိုင်ငံသားဥပဒေအကြောင်းနဲ့ နိုင်ငံခြားရေးမူဝါဒအကြောင်း ပါဝင်လာပါတယ်။

၂၀၁၅ မှာ ပါတီက ရွေးကောက်ပွဲဝင်တဲ့အခါတော့ ဒီအကြောင်းရပ်ဟာ ထုတ်ဖော်ပြောဆိုဖို့ အသေအချာ လိုအပ်တဲ့ကိစ္စ ဖြစ်လာပါတယ်။ ဒါ့ကြောင့် ၂၀၁၆၊ ဒီဇင်ဘာမှာတော့ ပါတီရဲ့ ခေါင်းဆောင်အဆင့်ဆင့်နဲ့ စည်းရုံးရေးမှူးများအတွက် စည်းရုံးရေးလမ်းညွှန်စာအုပ်ငယ် တစ်အုပ်ကို ထပ်မံရိုက်နှိပ် ထုတ်ဝေခဲ့ပါတယ်။ ဒါတွေအားလုံးဟာ ၂၀၁၃၊ အောက်တိုဘာလ ၅–၆ ရက်တွေက ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေးက အတည်ပြုထားတဲ့ ဆုံးဖြတ်ချက်တွေအပေါ် အခြေခံပြုစုတာချည်း ဖြစ်ပါတယ်။

စာမျက်နှာ(၆) သို့ဆက်ရန်

ဒီမိုကရေစီဆန်ကျင်ရေးလှုပ်ရှားမှု ငြိမ်းချမ်းရေးဆန်ကျင်ရေးလှုပ်ရှားမှု

■ တင်အေး ■

၁၉၈၈ ခုနှစ်နှောင်းပိုင်းကာလ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့အကျိုးဆက်အဖြစ် ပါတီစုံနိုင်ငံရေး စနစ်ပုံစံကို သွားချင်ချင်၊ မသွားချင်ချင် မလွှဲမရှောင်သာ သွားရတော့မယ့် အခြေအနေမို့ စက်တင်ဘာ(၁၈)ရက်နေ့မှာ သေနတ်နဲ့ တက်လာတဲ့ စစ်အစိုးရဟာ နိုင်ငံရေးပါတီတွေ ဖွဲ့ခွင့်ပြုခဲ့ရပါတယ်။

နိုင်ငံရေးပါတီတွေ အသီးသီးပေါ်လာကြတဲ့အထဲမှာ ပြည်သူအများဆုံး ထောက်ခံမှုရတဲ့ပါတီက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါ။ ပြည်သူအများဆုံး ထောက်ခံမှုရရုံသာမက ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံမှာ ပါဝင်ခဲ့သူတွေ အများစုနဲ့ ဖွဲ့စည်းခဲ့တဲ့ပါတီလို့လည်း ဆိုနိုင်ပါတယ်။

ဒီမိုကရေစီရေး အခန်းဆက်တိုက်ပွဲမှာ

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံမှာ ဆင်နွှဲခဲ့သူတွေ အများစု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှာ ပါဝင်ခဲ့တယ် ဆိုတဲ့သဘောက အောင်ပွဲလက်စမသတ်နိုင်ခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအလံအောက်ကနေ အောင်ပွဲရသည်အထိ အခန်းဆက် ဆက်လက် တိုက်ပွဲဝင်ကြမယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

အဲဒီအချိန်အခါက မပြီးဆုံးသေးတဲ့ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးကို ဆက်လက် တိုက်ပွဲဝင်ကြရေးအတွက် ပြည်သူတွေ၊ လူငယ်ကျောင်းသားတွေထဲက လက်နက်ကိုင် တော်လှန်ရေးအတွက် သွားသူသွားကြပြီး၊ နိုင်ငံရေးပါတီတရပ်အဖြစ်လည်း ရင်ဆိုင်ဖို့ လူငယ်ကျောင်းသား အများစုဟာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအလံကို လွှင့်ထူခဲ့ကြပါတယ်။ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးမှာ ရှေ့ဆုံးတန်းက ပါဝင်ခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အလံအောက်မှာ ဆက်လက်လှုပ်ရှားသူ လူငယ်ကျောင်းသားတွေလည်း အုံနဲ့ကျင်းနဲ့ပါ။

အဲဒီခေတ်၊ အဲဒီကာလက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အရေးပဲဖြစ်ဖြစ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အရေးပဲဖြစ်ဖြစ်၊ ဗကသမျိုးအဖွဲ့ချုပ် အရေးပဲဖြစ်ဖြစ် အားလုံးနဲ့ဆိုင်တဲ့ အရေးအရာအဖြစ် သိရှိနားလည် ခံစားခဲ့ကြပါတယ်။

အဲဒီအနေအထားမှာပဲ နိုင်ငံရေးပါတီဖွဲ့ပြီး လှုပ်ရှားခါစ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီတွင်းမှာ ပြဿနာတစ်ခုစပေါ်လာပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ပြဿနာဟာ ကျန်တဲ့ ဒီမိုကရေစီညီနောင် မဟာမိတ်အဖွဲ့အစည်း အသီးသီးကလည်း ကိုယ့်ပြဿနာလိုပဲ သဘောထားကြတာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အရေးဟာ ဒီမိုကရေစီ တိုက်ပွဲတစ်ခုလုံးရဲ့ အရေးဖြစ်တာကိုး။

ပေါ်လာတဲ့ပြဿနာက တခြားမဟုတ်၊ စတင်တည်ထောင်သူလည်းဖြစ် ဗဟိုဦးစီးအဖွဲ့ဝင်လည်းဖြစ်၊ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်မျိုးချုပ်ဟောင်းအောင်ကြီး ခေါ် ဦးအောင်ကြီးဟာ ၁၉၈၈ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းမှာ အရေးပေါ်သုံးသပ်ချက်စာတစ်စောင်ရေးပြီး ဒေါ်အောင်ဆန်းစုကြည်ထံ ပေးခဲ့ပါတယ်။ အဲဒီစာရဲ့ အဓိကအချက်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအတွင်းမှာ ကွန်မြူနစ်တွေ ပါနေတယ်ဆိုပြီး အတိအကျ အရေအတွက်နဲ့ ဗဟိုဦးစီးအဖွဲ့ထဲမှာ ကွန်မြူနစ်ဟောင်းနဲ့ ကွန်မြူနစ်လိုလားသူ ရှစ်ဦးပါနေကြောင်းနဲ့ ထိုသူတွေကို ပါတီက ထုတ်ပယ်ပေးဖို့ တောင်းဆိုထားတာပါ။

အဲဒီအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအတွင်းမှာ ကွန်မြူနစ်အစွပ်စွဲခံ ရှစ်ဦး ထုတ်ရေး၊ မထုတ်ရေး မဲခွဲဆုံးဖြတ်ရပါတယ်။ အဲဒီကာလ အလံအသီးသီးအောက်ကနေ ဒီမိုကရေစီရေး တိုက်ပွဲလှုပ်ရှားနေကြသူ အားလုံးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီတွင်း အဲဒီပြဿနာ မဲခွဲဆုံးဖြတ်တဲ့ အဖြေကို နားစွင့်နေခဲ့ကြရပါတယ်။ စက်တင်ဘာ(၁၈)ရက် နောက်ပိုင်း ဗကသမျိုးအဖွဲ့ချုပ် ပြန်မဖွဲ့ရသေးပေမယ့်၊ မြေအောက်တပိုင်း ပြန်လည်လှုပ်ရှားနေကြရတဲ့ ဗကသမျိုးအဖွဲ့ချုပ် ကျောင်းသားခေါင်းဆောင်တွေဟာ လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီတွင်း မဲခွဲဆုံးဖြတ်တဲ့နေ့က အစည်းအဝေးတစ်ခုလုပ်ဖို့ တနေရာမှာ စုစည်းတွေ့ဆုံနေကြတဲ့အချိန်ပါ။ အဲဒီအချိန်မှာပဲ တစ်ယောက်က သတင်းစကားသယ်လာပါတယ်။ NLD ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှာ ဦးအောင်ကြီးအဆို ရှုံးနိမ့်တဲ့အကြောင်း။

အဲဒီအဆိုရှုံးပြီးတော့ ဦးအောင်ကြီးလည်း NLD ပါတီက ထွက်သွားရပါတယ်။ သူဖာသာ နိုင်ငံရေးပါတီတခု ထောင်ပြီး ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရုံးတော့ နိုင်ငံရေးနယ်ပယ်ထဲကပါ ထပ်ထွက်သွားရပါတယ်။ အခုတော့ အသက်အရွယ်

အရ လောကသဘာဝအတိုင်း လူ့လောကထဲကပါ ထပ်ထွက်သွားပြီဆိုတော့ သူ့အကြောင်း ဒီမှာပဲ တခန်းရပ်ပါမယ်။

ဒီနေ့တိုက်ပွဲဟာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအတွင်း မဲခွဲခဲ့တဲ့ ကိစ္စနဲ့ ပြဿနာနဲ့ပတ်သက်ပြီး အဲဒီအချိန်ကာလက ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့စကားကို ပြန်ကြားသိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့စကားဟာ ပါတီတွင်းပြဿနာကို ဖြေရှင်းရာမှာလည်း အရေးကြီးတဲ့ နိုင်ငံရေးသဘောထားအယူအဆဖြစ်သလို၊ နိုင်ငံရေးနယ်ပယ်အတွက်လည်း အရေးကြီးတဲ့ သဘောထားအယူအဆတရပ် ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တာက ဒီနေ့ နိုင်ငံရေးတိုက်ပွဲဟာ **ကွန်မြူနစ်လိုလားသူတွေနဲ့ ကွန်မြူနစ် ဆန့်ကျင်သူတွေရဲ့ တိုက်ပွဲမဟုတ်ဘူး၊ ဒီမိုကရေစီ လိုလားသူတွေနဲ့ ဒီမိုကရေစီဆန့်ကျင်သူတွေရဲ့ တိုက်ပွဲ** ဖြစ်တယ်တဲ့။

နိုင်ငံရေးတိုက်ပွဲ၊ နိုင်ငံရေးလိုင်း

တိုင်းပြည်ရဲ့ နိုင်ငံရေးသမိုင်းဟာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ ဗိုလ်နေဝင်းခေါင်းဆောင်ပြီး နိုင်ငံတော်အာဏာကို စစ်တပ်က သိမ်းပြီးကတည်းကစလို့ ဒီမိုကရေစီလိုလားသူတွေနဲ့ ဒီမိုကရေစီဆန့်ကျင်သူတွေရဲ့ တိုက်ပွဲဟာ အရှိန်အဟုန်နဲ့ ရှိခဲ့၊ ဒီနေ့အထိလည်း ရှိနေဆဲပါ။ ဒီမိုကရေစီဆန့်ကျင်သူတွေဘက်ကလည်း နည်းသဏ္ဌာန်မျိုးစုံနဲ့ ဖိနှိပ်သလို၊ ဒီမိုကရေစီ လိုလားသူတွေဘက်က ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအတွက် နည်းသဏ္ဌာန်မျိုးစုံနဲ့ ခုခံကြ၊ တိုက်ပွဲဝင်ကြပါတယ်။

မတူတဲ့ ခေတ်ကာလအခြေအနေတွေလိုက်လို့ ဒီမိုကရေစီ လိုလားသူတွေနဲ့ ဒီမိုကရေစီ မလိုလားသူတွေကြားမှာ မတူတဲ့ နိုင်ငံရေးလိုင်းတွေ၊ မတူတဲ့နိုင်ငံရေး ကြွေးကြော်သံတွေ၊ မတူတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ဖြစ်ပေါ် ပြောင်းလဲလာခဲ့ပါတယ်။

ဒီနေ့အခြေအနေ

ဒီနေ့ ဗမာပြည်နိုင်ငံရေးအခြေအနေဟာ ကြုံကြိုက်သည်ဖြစ်စေ၊ မကြုံကြိုက်သည်ဖြစ်စေ ပါတီစုံဒီမိုကရေစီစနစ်လို့ ဖော်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်လည်း ရှိနေပြီ၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးမယ်ဆိုတဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွေလည်း ရှိနေပြီ၊ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲက တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးမယ်ဆိုတဲ့ လွှတ်တော်အသီးသီးလည်း ရှိနေပြီ။

ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးရဲ့ အကျိုးဆက်အဖြစ် မလွဲမရှောင်သာ လုပ်လာရတဲ့ ပါတီစုံဒီမိုကရေစီအဆောင်အယောင်တွေ ရှိလာနေပြီဆိုတာ လက်တွေ့ မြင်တွေ့ နေရပေမယ့်၊ အဲဒီအဆောင်အယောင်တွေဟာ ဒီမိုကရေစီ မလိုလားသူတွေဘက်က မလွဲမရှောင်သာ လက်ခံခင်းကျင်းရတာဖြစ်လို့ တတ်နိုင်သမျှ သူတို့စိတ်တိုင်းကျနဲ့ သူတို့အကျိုးစီးပွားကို ကာကွယ်ဖို့၊ သူတို့ အကျိုးစီးပွား ရေရှည်တည်တံ့ခိုင်မြဲဖို့ စီမံဆောင်ရွက်ကြပါတယ်။

ဒါပေမဲ့ စိတ်တိုင်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စိတ်တိုင်းကျ လွှတ်တော်ပုံစံ စသဖြင့် စိတ်တိုင်းကျ ဒီမိုကရေစီအဆောင်အယောင်တွေကို စီမံထားပေမယ့်၊ သူတို့စိတ်တိုင်းကျ အစီအမံတွေအောက်မှာပဲ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို တခဲနက် မဲပေးခဲ့ကြတဲ့ အခြေအနေနဲ့၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားစတဲ့ လူထုလူတန်းစားအလွှာအသီးသီးရဲ့ မမှိတ်မသုန် ဒီမိုကရေစီတိုက်ပွဲကြီး၊ တိုက်ပွဲငယ်တွေ ဆက်လက်ဆင်နွှဲနေတဲ့ ပြည်သူ့အားရဲ့ စွမ်းပကားကို သိတဲ့အတွက် ဒီမိုကရေစီ မလိုလားသူတွေဟာ စိတ်ချလက်ချ မနေနိုင်ကြပါဘူး။ သူတို့စိတ်တိုင်းကျ ဒီမိုကရေစီ အဆောင်အယောင်တွေကနေ ပြည်သူ့စိတ်တိုင်းကျ ဒီမိုကရေစီအစစ်အမှန် ဖြစ်သွားမှာ အမြဲစိတ်ပူနေရပါတယ်၊ အဲသလို မဖြစ်ဖို့ အမြဲ စီမံကြံဆ နေရပါတယ်။

ဒီမိုကရေစီဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးဆန့်ကျင်ရေး နိုင်ငံရေးလိုင်း

ဒီနေ့ ဒီမိုကရေစီအဆောင်အယောင်တွေ ရှိနေတဲ့ နိုင်ငံရေးအခြေအနေမှာ ဒီမိုကရေစီ မလိုလားသူတွေဘက်က ရွေးချယ်စီစဉ်တဲ့ နိုင်ငံရေးလိုင်းကတော့ လူမျိုးရေး၊ ဘာသာရေးကို အသုံးပြုတဲ့ နိုင်ငံရေးလိုင်းပါပဲ။ ဒီနေ့ ပေါ်ပေါက်နေတဲ့ လူမျိုးရေး၊ ဘာသာရေးပြဿနာတွေဆိုတာ တကယ့်လူမျိုးရေး၊ ဘာသာရေးပြဿနာတွေ မဟုတ်ပါဘူး၊ နိုင်ငံရေးပြဿနာပါ။

လွတ်လပ်ရေး မရခင်ကတည်းက နိုင်ငံရေး သပိတ်တိုက်ပွဲတွေမှာ သခင်မျိုးဟေ့၊ ဒို့ဗမာလို့ ကြွေးကြော်ခဲ့ကြတဲ့ အခါ တမြေတည်းနေ၊ တရေတည်းသောက် လူမျိုးဘာသာ မတူသူတွေကလည်း သခင်မျိုးဟေ့ အားတူတူပဲလို့ ကြွေးကြော်ပြီး လက်တွဲ တိုက်ပွဲဝင်ခဲ့ကြတာပါ။

ဗမာ့လူအဖွဲ့အစည်းဆိုတာ မတူတဲ့ဘာသာ၊ မတူတဲ့ လူမျိုးတွေ ချစ်ခင်စည်းလုံးစွာနဲ့ အတူယှဉ်တွဲနေထိုင်ကြတယ်ဆိုတဲ့ အစဉ်အလာနဲ့ လူမျိုးရေး၊ ဘာသာရေး သမိုင်းလှတဲ့ လူ့အဖွဲ့အစည်းပါ။ ဒီနေ့အထိလည်း ပြည်သူတွေကြားမှာ

ဘာသာ ပေါင်းစုံချစ်ကြည်နေကြဆဲဆိုတာ တွေ့နေရပါတယ်။ ဒါပေမယ့် ဒီနေ့အခြေအနေမှာ ဒီမိုကရေစီမလိုလားသူတွေဟာ လူမျိုးရေး၊ ဘာသာရေး မတူညီမှုကို နိုင်ငံရေးအကြောင်းခံအတွက် အသုံးချလာခဲ့ပါတယ်။ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေကို ဖန်တီးယူ၊ လူမျိုးရေး ဘာသာရေး ပဋိပက္ခတွေ အရှိန်အဟုန်မြှင့်လာပြီး အစိုးရယန္တရားထဲအထိ ရောက်လာတဲ့ ဒီမိုကရေစီဘက်ခြမ်းကို အခက်အခဲ အကြပ်အတည်းဖြစ်အောင် လုပ်လာပါတယ်။ အဲဒီအကြပ်အတည်းကနေ ဒီမိုကရေစီ ဘက်ခြမ်းက အရေးနိမ့်သွားပြီး၊ ဒီမိုကရေစီ မလိုလားသူတွေဘက်က အစိုးရယန္တရားမှာ အပြည့်အဝ ပြန်နေရာယူဖို့ ကြိုးစားတာပါ။ အဲသလိုကြိုးစားမှုဟာ ဒီနေ့ရှိနေတဲ့ ဒီမိုကရေစီလမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးခရီးစဉ်ကို နှောက်ယှက်ဟန့်တားပြီးသား ဖြစ်ပါတယ်။

ဒါဟာ ဒီမိုကရေစီမလိုလားသူတွေဘက်က ထိုးနှက်လာတဲ့ ဖောက်ပြန်တဲ့ ရက်စက်ယုတ်မာတဲ့၊ လူမျိုးရေး၊ ဘာသာရေး ခေါင်းစဉ်တပ်ထားတဲ့ နိုင်ငံရေးလိုင်းပါ။

ဒီနေ့ ဖြစ်ပေါ်နေတဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေကို ချဉ်းကပ်မယ်ဆိုရင် ဒီမိုကရေစီ မလိုလားသူတွေနဲ့ ဒီမိုကရေစီလိုလားသူတွေရဲ့ တိုက်ပွဲအဖြစ် နားလည်ကြည့်မြင်ဖို့ လိုပါတယ်။ ကျန်တဲ့ပြဿနာတွေက အဲဒီပြဿနာရဲ့ လက်အောက်ခံ ပြဿနာတွေပါ။ အဓိကပြဿနာ မဟုတ်ပါဘူး။ အဓိကပြဿနာဖြစ်တဲ့ ဒီမိုကရေစီမလိုလားသူတွေရဲ့ လူမျိုးရေး၊ ဘာသာရေး မတူညီမှုကို အသုံးချထားတဲ့ ဒီမိုကရေစီဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးဆန့်ကျင်ရေး လှုပ်ရှားမှုကို မဟန့်တားနိုင်ဘဲနဲ့ ကျန်တဲ့လက်အောက်ခံပြဿနာတွေကို ဖြေရှင်းလို့ မရနိုင်ပါဘူး။

ဒါကြောင့် မတူတဲ့ဘာသာ၊ မတူတဲ့လူမျိုးတွေကြားမှာ အမုန်းတရားတွေ ဖန်တီးအရှိန်မြှင့်ခံထားရသမျှကို ဒီမိုကရေစီမလိုလားသူတွေဘက်ကို ပြန်ပြီး မြှားဦးလှည့်ကြဖို့လိုပါတယ်။

■ တင်အေး

(ဇွန်လ ၃ ရက်၊ ၂၀၁၇ ခုနှစ်၊ မိုးမခအွန်လိုင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆောင်းပါး။)

စာမျက်နှာ(၃)မှအဆက်

အဲဒီ အကြောင်းရပ်တွေက

၁၉၈၂ နိုင်ငံသားဥပဒေ

၁၉၈၂ နိုင်ငံသားဥပဒေကို ခေတ်ကာလနှင့်အညီ ပြန်သုံးသပ်၊ ပြုပြင်ရန်လိုသည်။ နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် သာမက၊ တိုင်းပြည်၏ အမျိုးသားလုံခြုံရေးလိုအပ်ချက်နှင့်ပါ ကိုက်ညီမှု ရှိစေရန် ထိန်းညှိ ပြင်ဆင်ရလိမ့်မည်ဟု ယူဆပါသည်။

နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍

တန်းတူမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အသိအမှတ်ပြုမှု၊ အတူတကွ အကျိုးရှိမှု အခြေခံများပေါ်တွင် နိုင်ငံတကာနှင့် ဆက်ဆံမည်။

ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ လူမှုရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တို့နှင့် ပတ်သက်သည့် နိုင်ငံတကာလှုပ်ရှားမှုများကို ထောက်ခံလျက် ပူးပေါင်းပါဝင်မည်။

ဒေသတွင်းတည်ငြိမ်ရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မည်။

ချူကလီးယားလက်နက် ဖျက်သိမ်းရေးကို ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်။

မူးယစ်ဆေးရောင်းဝယ်မှု၊ တရားမဝင် လက်နက်ရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖယ်ရှားရေးအတွက် ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်။

ကမ္ဘာ့လူသားတိုင်း တန်ဖိုးအရ တန်းတူညီမျှသည်ဟူသော အမြင်အပေါ် အခြေခံ၍ ဒေသဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်လို့ ဖြစ်ပါတယ်။

ပါတီဝင်လက်စွဲပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်တဲ့ သဘောထား၊ နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေနဲ့ ပတ်သက်တဲ့သဘောထား၊ အကြမ်းဖက်ဝါဒနဲ့ ပတ်သက်တဲ့ သဘောထား ဆိုတာတွေရယ်၊ ပါတီစည်းရုံးရေးလမ်းညွှန်ပါ ၁၉၈၂ နိုင်ငံသားဥပဒေနဲ့ ပတ်သက်တဲ့သဘောထား၊ နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်တဲ့သဘောထား ဆိုတာတွေရယ် အားလုံးကို ပါတီခေါင်းဆောင်တွေအနေနဲ့ ပေါင်းရုံး ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုဖြင့်ရင် DPNS ဟာ နိုင်ငံခြားရေးမူဝါဒ အနေနဲ့ လူ့အခွင့်အရေးအခြေခံပေါ်က ချဉ်းကပ်စဉ်းစားဆောင်ရွက်မယ် ဆိုတဲ့ သဘောထားရှိတယ်လို့ ဆိုကြရမှာ ဖြစ်ပါတယ်။

■ စောဝင်း

မိမိတို့တိုင်းပြည်အတွင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်အရပ်အပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ချက် (၆/ ၂၀၁၇)

၁။ လက်ရှိကာလတွင် ရခိုင်ဒေသကို အခြေပြု ဖြစ်ပွားနေသည့် လူမျိုးရေး ဘာသာရေးအသွင် ပဋိပက္ခများသည် လတ်တလော ရုတ်တရက်ပေါ်ပေါက်လာကြခြင်း မဟုတ်ဘဲ၊ မိမိတို့တိုင်းပြည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံရေးအရ စီမံခန့်ခွဲမှုအမှားများကို အခြေခံ၍ စတင်အဖြစ်တွယ်ခဲ့ပြီး၊ ၁၉၆၂ စစ်အာဏာရှင်စနစ် သန္ဓေတည်ချိန်ကစ၍ အရှိန်ရ ကြီးထွားလာသည့် ပဋိပက္ခများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၂။ တစ်ရပ်ကွက်တည်း တစ်မြေတည်း၊ ဒေသတစ်ခုတည်းတွင် နှစ်ကာလများစွာ ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲ နေထိုင်ကြသူ အချင်းချင်းအကြား ဤမျှပြင်းထန်သော ပဋိပက္ခမျိုး ပေါ်ပေါက်လာပုံမှာ သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘဲ ဖန်တီး တွန်းအားပေးနေသည့် ဖြစ်ရပ်များ ပါဝင်နေသည်ဟု မိမိတို့ပါတီက သုံးသပ်မိပါသည်။

၃။ ယနေ့ ဒီမိုကရေစီအသွင်ကူးနိုင်ရေး ကြိုးပမ်းနေရသည့်ကာလတွင် ပဋိပက္ခများနှင့် ဖန်တီး တွန်းအားပေးမှုများ ပိုမို အရှိန်မြင့်လာခဲ့ပြီး ဒေသအနှံ့အပြား၌ နိုင်ငံသားပြည်သူများမှာ ကျီးလန့်စာစားအခြေအနေသို့ ကျရောက်နေကြရကြောင်း တွေ့မြင်လာရပေသည်။

၄။ ရခိုင်ဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၏ အကျိုးဆက်အဖြစ် သိန်းနှင့်ချီသော ဒေသခံပြည်သူများ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရပြီး၊ ဒေသတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်ဆိုသည့် သတင်းများ ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့သည်။ ကမ္ဘာကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုယ်တိုင် ထိုဒေသ၏ အခြေအနေကို 'Ethnic cleansing' ဟု အလွန်တရာပြင်းထန်သည့် စကားရပ်ကို သုံးစွဲပြီး မှတ်ချက်ပြုခဲ့ခြင်းအား တွေ့ရှိရသည်။ ထိုမှတ်ချက်ကို လက်ခံနိုင်မှု ရှိ–မရှိ ဆိုခြင်းသည် တိကျခိုင်မာသော သတင်း အချက်အလက်များ မရရှိနိုင်သည့် အခြေအနေအောက်၌ ဆုံးဖြတ်ရန် ခက်ခဲလှသည်။

လက်တွေ့တွင် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ် ကြီးမားစွာကျဆင်းစေခဲ့သည်။ ဒေသခံပြည်သူများအတွက်လည်း အလွန်အမင်း စိုးရိမ်ဖွယ်ရာဖြစ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအတော်များများရှိ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများကလည်း မြန်မာပြည်အပေါ် ကန့်ကွက်ဆန္ဒပြလျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့သတင်းစာမျက်နှာများ၊ ရုပ်သံမီဒီယာများတွင် မြန်မာပြည်သူတို့ကို အကြင်နာကင်းမဲ့သူများအဖြစ် ပုံဖော်ခံနေကြရသည်ဟု မိမိတို့ ရှုမြင်မိပါသည်။

၅။ ဖော်ပြပါအခြေအနေများသည် တိုင်းပြည်စီးပွားရေးတိုးတက်မှု၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့အား ကြီးစွာ အဟန့်အတားပြုလျက်ရှိသည်ဟု မိမိတို့ ယူဆပါသည်။

ယနေ့ဖြစ်ပေါ်လျက်ရှိသော လူမျိုးရေး ဘာသာရေးအသွင် ပဋိပက္ခများနှင့်ပတ်သက်လျှင် သက်ဆိုင်ရာတာဝန်ရှိသူများက လုံလောက်သည့် ကာကွယ်ထိန်းသိမ်းမှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန် လိုအပ်ပြီး၊ ရခိုင်ဒေသအတွင်းရှိ ပြည်သူများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာအာဏာပိုင်များ အနေဖြင့် ဒေသခံပြည်သူများအပါအဝင် ကမ္ဘာကုလသမဂ္ဂ၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သင့်သည်ဟု မိမိတို့က ရှုမြင် သုံးသပ်မိပါသည်။

၆။ မိမိတို့ပါတီ အပါအဝင် နိုင်ငံရေးအင်အားစုများ၊ လူမျိုးစု ဘာသာစု ပြည်သူများအနေဖြင့်လည်း လူမျိုးရေး ဘာသာရေးအသွင် ပဋိပက္ခများကို တိုင်းချစ်ပြည်ချစ်စိတ်ရှိရှိနှင့် ညီညီညွတ်ညွတ် စုစည်းကာကွယ်ကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်းတောဒေသ၊ ရသေ့တောင်ဒေသများအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ပတ်သက်၍လည်း ဘက်နှစ်ဖက်ရှိ ပြည်သူအချင်းချင်းအကြား ပြန်လည်သင့်မြတ်စေရေး ရည်ရွယ်လျက် ဝိုင်းဝန်းဖေးမကူညီကြခြင်းဖြင့် ကမ္ဘာ့အလယ်တွင် ထိခိုက်ခဲ့ရသော မိမိတို့တိုင်းပြည်၏ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင် ထိန်းသိမ်းကြပါရန် မိမိတို့ပါတီက နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်။

ပါတီတည်ထောင်ခြင်း ၂၉ နှစ်ပြည့်အထိမ်းအမှတ် "နိုင်ငံတကာနှင့်မြန်မာ့အရေး" နိုင်ငံရေးဆွေးနွေးပွဲ
















လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY(DPNS)

အမှတ်(၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပါတီတည်ထောင်ခြင်း (၂၉)နှစ်မြောက်နေ့ သဘောထားထုတ်ပြန်ချက်

(၇ / ၂၀၁၇)

၁။ မိမိတို့ပါတီ၏ ပါတီတည်ထောင်ခြင်း(၂၉)နှစ်မြောက်နေ့တွင် ပါတီအလံတော်အောက်၌ အသက်၊ ချွေး၊ သွေး၊ ဘဝ တို့ ရင်းနှီးကာ တိုက်ပွဲဝင် ရုန်းကန်ခဲ့ကြသည့်၊ ရုန်းကန်နေကြဆဲဖြစ်သည့် ရဲဘော် ရဲမေ အပေါင်းအား အလေးအမြတ် ဦးညွှတ်အပ်ပါသည်။

၂။ နိုင်ငံရေးပါတီတရပ်အဖြစ် စတင်တည်ထောင်ခဲ့ကြစဉ်မှ ယနေ့အထိ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ တရားမျှတခြင်း၊ သွေးစည်းချစ်ကြည်ခြင်းတို့သည် မိမိတို့ပါတီက အစဉ်တန်ဘိုးထား ယုံကြည်ခဲ့သော စံတန်ဘိုးများဖြစ်သည်။ ဤတန်ဘိုးများ ပြည့်ပြည့်ဝဝ ထွန်းကားသည့် လူအဖွဲ့အစည်းသစ်တရပ်ကို မျှော်မှန်း၍ မိမိတို့ပါတီရဲဘော် အမြောက်အမြားသည် လမ်းမများပေါ်တွင်လည်းကောင်း၊ အကျဉ်းတိုက် ငရဲခန်းများတွင်လည်းကောင်း၊ တောတောင်လျှိုမြောင် ချောက်ကြားတို့တွင် လည်းကောင်း၊ ရေမြေရပ်ခြား တိုင်းတပါးတွင်လည်းကောင်း ဘဝများ အသက်များကို အရင်းပြုလျက် တိုက်ပွဲဝင်ခဲ့ကြခြင်း ဖြစ်ပေသည်။

၃။ ယနေ့ မိမိတို့တိုင်းပြည်၏ အခြေအနေမှန်သည် ငြိမ်းချမ်း ညီညွတ် လွတ်လပ် တန်းတူသည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ရေးမှ အလှမ်းကွာဝေးဆဲဖြစ်သည်။ ဒေသအနှံ့အပြားရှိ လူမျိုးစုံ အလွှာစုံ ပြည်သူလူထုကြီးသည် စစ်ပွဲများ၊ သတ်ဖြတ်မှုများ၊ အနိုင်အထက်ပြုမှုများ၊ အကြမ်းဖက်မှုများ၊ ဂုဏ်သိက္ခာ ထိပါးခံရမှုများ၊ မွဲတေတော်ပြတ်မှုများ၊ ခွဲခြားဆက်ဆံခံရမှုများ၊ လူမှုဘဝ မလုံခြုံမှုများကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ခေတ်မီ အဆင့်မြင့်ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့သည် လူများစုကြီးနှင့် အလှမ်းကွာလျက်ရှိသည်။ စီးပွား တိုးတက်ဖွံ့ဖြိုးမှုမှန်သမျှသည် ရေတွက်၍ရသော လက်တဆုပ်စာ လူတစုအတွက်သက်သက် ဖြစ်နေဆဲဖြစ်သည်။ အမျိုးသား သွေးစည်းညီညွတ်မှု အထင်အရှား ပြိုကွဲလျက်ရှိပြီး၊ ပဋိပက္ခများ မတည်ငြိမ်မှုများ နေရာအနှံ့အပြားတွင် ပေါ်ပေါက်နေသည်။ တပြိုင်တည်းတွင် နိုင်ငံတကာမျက်နှာစာတွင် မိမိတို့ အမျိုးသားဂုဏ်သိက္ခာ ကြီးစွာကျဆင်းလျက် ရှိနေသည်။ အင်အားကြီး ဓနဥစ္စာကြွယ်ဝသော နိုင်ငံကြီးများ၏ အကျိုးစီးပွားကစား ကွက်များအကြား မိမိတို့တိုင်းပြည် မိမိတို့ပြည်သူလူထု၏ အကျိုးစီးပွားကို တည့်တည့်မတ်မတ် ရေရေရာရာ ဆုပ်ကိုင်တည်ဆောက်နိုင်ရေးအတွက် အကျပ်အတည်းအခြေအနေကို ရင်ဆိုင်နေကြရသည်ဟု မိမိတို့ပါတီက သုံးသပ်မိပါသည်။

၄။ ဤအကျပ်အတည်းအခြေအနေအောက်တွင် မိမိတို့ပါတီရဲဘော်အသီးသီးသည် ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည့် မိမိတို့ပါတီ၏ ဆောင်ပုဒ်ကိုလည်းကောင်း၊ တချက်တူ – တချက်ပေါင်း ဆိုသည့် မိမိတို့ပါတီ၏ အလုပ်လမ်းညွှန် သဘောထားကိုလည်းကောင်း မမေ့မလျော့ ကိုင်စွဲလျက် လူမျိုးစုံ ပြည်သူလူထုကြီးနှင့်အတူ သွေးစည်းညီညွတ်သော အင်အားကို တည်ဆောက်နိုင်မှသာ မိမိတို့ မျှော်မှန်းတန်ဘိုးထားမှုများ ထွန်းကားသည့် ပြည်ထောင်စုကြီးတရပ် တည်ဆောက်နိုင်မည်ဟု မိမိတို့ပါတီက ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။ ဤတာဝန် ကျေပွန်နိုင်ရေးအတွက် မိမိတို့ပါတီအနေဖြင့် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ထမ်းရွက်ပါမည်ဟုလည်း ပါတီတည်ထောင်ခြင်း (၂၉)နှစ်မြောက် အခါသမယ၌ အလေးအနက် သန္နိဋ္ဌာန်ပြုအပ်ပါသည်။

၅။ မိမိတို့တိုင်းပြည်၏ အကျပ်အတည်းအခြေအနေကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် နိုင်ငံရေးအင်အားစုများအကြား၊ လူမှုအဖွဲ့အစည်းများအကြား၊ ပြည်သူလူထုအလွှာအသီးသီးအကြား၊ တိုင်းရင်းသားလူမျိုးစု အသီးသီးအကြား၊ နိုင်ငံတကာမိသားစုဝင်များအကြား တူညီသောအလုပ်များကို ရှာဖွေကြခြင်း၊ ယုံကြည်မှုများ အပြန်အလှန်တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ချဲ့ထွင်ခြင်းတို့ဖြင့် ညီညွတ်သောအင်အားတရပ် ပေါ်ဆောင်လျက် အားထုတ်ကြိုးပမ်းကြပါရန် မိမိတို့ရဲဘော်များ မိတ်ဆွေများနှင့်တကွ လူမျိုးစုံ အလွှာစုံ ပြည်သူလူထုကြီး တရပ်လုံး အား မိမိတို့ပါတီက လေးစားစွာ ပန်ကြား နှိုးဆော်အပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

၂၀၁၇ ခုနှစ်၊အောက်တိုဘာလ (၁၄) ရက်။

၂၉ နှစ်ခရီးကြမ်းက ပေးအပ်လိုက်တဲ့ အားသစ်အင်သစ်တွေ

■ ငွန်မိုင်း ■

ဒီနေ့ ကျနော်တို့ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ သက်တမ်း ၂၉ နှစ် ပြည့်ပါတယ်။ ပါတီရဲ့ ၂၉ နှစ်တာ ဖြတ်သန်းမှုသမိုင်းကို ကျနော် ပြန်ပြီး စဉ်းစားကြည့်မိတယ်။ ပထမဆုံး ၃ နှစ်က ပြည်တွင်းမှာ လှုပ်ရှားခွင့်ရတဲ့ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ။ နောက် ၂၂ နှစ်က တိုင်းရင်းသားလက်နက်ကိုင်တော် လှန်ရေးဒေသတွေမှာ တော်လှန်ရေးအင်အားစုတွေနဲ့ လက်တွဲလှုပ်ရှားနေတဲ့နိုင်ငံရေးပါတီ။ ပြည်တွင်းမှာကျ မြေအောက်သဏ္ဌာန်နဲ့ လှုပ်ရှားရတဲ့ပါတီ။ နောက် ၁ နှစ်က ပြည်တွင်းပြန်ရောက်ပြီး စုစည်းပြင်ဆင်နေတဲ့ပါတီ။ ဒီနေ့အထိ နောက်ဆုံး ၃ နှစ်က ပြည်တွင်းမှာ ပြန်ပြီး တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ။

ကျနော်တို့ပါတီရဲ့သမိုင်းက ခရီးကြမ်းမှ တကယ့် ခရီးကြမ်း။ လွယ်လွယ်ကူကူ ဖြတ်နေရတဲ့ကာလရယ်လို့ မရှိသလောက်ပဲ။ ကျားကုတ်ကျားခဲ ဖြတ်ကြရ၊ ကျားစီးဖါးစီး ရုန်းကြရတဲ့ ကာလတွေချည်း။

ဒီလောက် မိုးသက်မုန်တိုင်းတွေ ပြင်းထန်နေတဲ့ ခရီးကြမ်းကြီးထဲမှာ ပါတီအလံတော်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လွှင့်ထူခဲ့ကြတဲ့၊ ဘဝတွေ၊ အသက်တွေ ပေးဆပ်ခဲ့ကြတဲ့၊ ဒီနေ့အထိလည်း သစ္စာကြီးစွာ ပေးဆပ်နေကြတဲ့ ပါတီဝင်ရဲဘော်တွေကို လှိုက်လှိုက်လဲ့လဲ့ ဦးညွှတ်အလေးပြုရင်း ပါတီရဲ့ဖြတ်သန်းမှုပုံရိပ်တွေကို ကာလတခုချင်း ပြန်ကြည့်မိပါတယ်။

ပထမဆုံး ၃ နှစ်

ပါတီအလံတော်ကို မဟာဗန္ဓုလလမ်းနှင့် ၁၀ လမ်းထောင့် လမ်းမတော်မြို့နယ်က ဌာနချုပ်ရုံးမှာ ၁၉၈၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့မှာ စပြီး လွှင့်ထူလိုက်တယ်။ ကမ္ဘာမကြေဘူး သီချင်းသံတွေအောက်မှာ အရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးတဲ့တာဝန်တွေကို ပြီးဆုံးအောင်မြင်သည်ထိ သယ်ပိုးထမ်းရွက်ဖို့ သန္နိဋ္ဌာန်ပြုခဲ့ကြတယ်။

ပထမဆုံးနေ့မှာပဲ ကြားဖြတ်အစိုးရဖွဲ့စည်းရေး အပါအဝင် တောင်းဆိုချက် ၁၁ ချက်ပါ ပါတီရဲ့ သဘောထားထုတ်ပြန်ချက် ထုတ်ပြန်လိုက်ကြတယ်။ အာဏာသိမ်း စစ်အစိုးရကို လုံးဝလက်မခံဘူး၊ အဲဒီကာလ လုပ်ငန်းတာဝန် အရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်မယ့် ကြားဖြတ်အစိုးရတရပ် ဖွဲ့စည်းပေးဖို့ စတင် အတိအလင်း ထောက်ပြ တောင်းဆိုလိုက်တယ်။

အာဏာသိမ်းပြီးစ ၃၃ ချက်ပါတဲ့ ဖောင်တွေကို ဖြည့်ခိုင်းပြီး ဝန်ထမ်းတွေကို ဖြုတ်တာ၊ ထုတ်တာ၊ အဝေးပို့တာတွေ လုပ်တဲ့အချိန်မှာ အနိုင်ကျင့်ခံနေရတဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေနှင့်အတူ ကျနော်တို့ပါတီ အတူရပ်ခဲ့တယ်။ စစ်အစိုးရရဲ့ မလိုတမာလုပ်ရပ်ကို ကန့်ကွက်ရှုတ်ချခဲ့တယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်း တက်တက်ကြွကြွ လှုပ်ရှားခဲ့တဲ့ ရပ်ကွက်တွေကို အငြိုးထားပြီး ဘာလျော်ကြေးမှ မပေးဘဲ အတင်းအဓမ္မ ဝင်ဖျက်တဲ့အချိန်မှာ ပါတီဟာ မြို့နေဆင်းရဲသား ဖျက်သိမ်းခံရပ်ကွက်သားတွေနှင့်အတူ ရပ်ခဲ့တယ်။ စစ်အစိုးရရဲ့ မတရားမှုတွေကို ဖွင့်ချဖော်ထုတ်ရင်း ထိုက်သင့်တဲ့ လျော်ကြေးတွေရဖို့ တောင်းဆိုပေးခဲ့တယ်။

စပါးမသွင်းနိုင်လို့ နေလှန်းခံနေရတဲ့ တောင်သူလယ်သမားတွေဆီ အရောက်သွားပြီး ညှဉ်းပမ်းမှုတွေ ချက်ချင်းရပ်ပေးဖို့ တောင်သူလယ်သမားတွေနှင့်အတူ စစ်အစိုးရကို တောင်းဆိုပေးခဲ့တယ်။

အစမ်းသပ်ခံပညာရေးစနစ်အောက်မှာ အနာဂတ် ပျောက်နေတဲ့ ကျောင်းသားလူငယ်တွေနှင့်အတူ ဖြည့်စွက်ပညာရေး လှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့ကြတယ်။

တိုင်းရင်းသားညီအကိုမောင်နှမတွေအတွက် ဆုံးရှုံးနေတဲ့ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ပြန်လည်ရရှိဖို့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေနဲ့ လက်တွဲဆောင်ရွက်ခဲ့တယ်။

နေရာဒေသအသီးသီးက ပါတီဝင်တွေဟာ ''**ပြည်သူသာအမိ ပြည်သူသာအဖ**'' ဆိုတဲ့ ပါတီရဲ့ဆောင်ပုဒ်ကို အလုပ်လမ်းညွှန်အဖြစ် အခိုင်အမာကိုင်စွဲပြီး လူထုတွေရဲ့ ရှေ့က မားမားမတ်မတ်ရပ်တည်ကာ စစ်အစိုးရကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတယ်။

အရေးတော်ပုံကြီးရဲ့ အရှိန်ကြီးနေတာက တကြောင်း၊ ပါတီရဲ့ရပ်တည်ချက်က မှန်ကန်ပြီး လူထုနှင့်အတူ တိုက်ပွဲဝင်ရတာကတကြောင်းကြောင့် ပါတီဟာ ပါတီထောင်ပြီး ၄ လလောက်မှာ နိုင်ငံရေးပါတီတွေထဲမှာ ဒုတိယ အင်အားအကြီးဆုံးပါတီ ဖြစ်လာခဲ့ပါတယ်။

အရေးတော်ပုံကြီးရဲ့ တာဝန်တွေကို လက်တွေ့ဖော်ဆောင်နိုင်ဖို့ဆိုရင် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုတရပ်လိုအပ်တယ်လို့ အခိုင်အမာယုံကြည်မှုအရ တပ်ပေါင်းစုတရပ် ပေါ်ပေါက်လာရေးအတွက် ပါတီက အစွမ်းကုန်ကြိုးပမ်းခဲ့တယ်။ ဒီလို နဲ့ ၁၃ ပါတီစုစည်းထားတဲ့ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ ချုပ်(ဒမဖ)ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ တပြိုင်နက်တည်းမှာ ၄၁ ပါတီ စုစည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီတပ်

ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့တယ်။ အဲဒီကနေတဆင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါ ပါဝင်တဲ့ တပ်ပေါင်းစုဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းပြီး တမျိုးသားလုံးကို ကိုယ်စားပြုတဲ့ ဒီမိုကရက်တစ်တပ်ပေါင်းစုကြီးတရပ် ဖွဲ့စည်းနိုင်ရေး ကြိုးပမ်း ခဲ့ကြတယ်။

ဒီဖြစ်စဉ်တွေမှာ ပါတီရဲ့ ကမကထပြုမှု၊ ရှေ့ဆောင် ရှေ့ရွက်ပြုမူတွေကို ကျနော်တို့ထက် နိုင်ငံရေးပါစဉ်ကြီးကြတဲ့၊ အတူ လက်တွဲဆောင်ရွက်နေကြတဲ့ နိုင်ငံရေးပါတီကြီးတွေက တန်ဖိုးပေးကြ၊ အသိအမှတ်ပြုခဲ့ကြပါတယ်။

ကျနော်တို့ပါတီရဲ့နိုင်ငံရေး၊ ကျနော်တို့ပါတီရဲ့ လုပ်စွမ်း ရည်နှင့် ကျနော်တို့ပါတီဝင်တွေရဲ့ ရဲရင့်မှုတွေကို စစ်အစိုးရက တုန်လှုပ်လာခဲ့တယ်။ ဒီအတွက်လည်း ပါတီကို နည်းမျိုးစုံနဲ့ ကန့်သတ်တာ၊ ဖမ်းဆီးတာ၊ ဖြိုခွဲတာတွေကို ခပ်ကြမ်းကြမ်း လုပ်လာခဲ့ပါတယ်။ ပါတီဟာ အဲဒီလို ကန့်သတ်ဖြိုခွဲနေတဲ့ ကြားကပဲ အလုပ်တွေကို မနားတမ်း ဆက်လုပ်ခဲ့ကြတယ်။

''အများပြည်သူသဘောမတူတဲ့ အမိန့်အာဏာမှန် သမျှ တာဝန်အရဖီဆန်ကြ'' ဆိုတဲ့ အာဏာဖီဆန်ပွဲတွေကို အဖွဲ့ချုပ်နဲ့ အတူ၊ ဒဖဖ တပ်ပေါင်းစုနဲ့အတူ လက်တွဲ ဆောင် ရွက်ခဲ့ကြတယ်။

ရွေးကောက်ပွဲကို မလွဲမသွေ ဖြတ်ကြရတော့မယ့် ကာလမှာ ရွေးကောက်ပွဲကို တိုက်ပွဲသဏ္ဌာန်တခုအဖြစ် ဖြတ်ဖို့ နိုင်ငံရေးပါတီတွေနှင့် လူထုကို ဆော်သြခဲ့ကြတယ်။ ဒီမိုကရေစီ အင်အားစုတွေကတဖက်၊ စစ်အုပ်စုပါတီကတဖက် စီးချင်းထိုး ဖြတ်သန်းကြဖို့ တင်ပြတောင်းဆိုခဲ့ကြတယ်။ မတတ်သာတော့ တဲ့အဆုံး မဲမပြားသွားအောင် အဖွဲ့ချုပ်ဝန်းရံရေးမူချ ဆောင် ရွက်ဖို့ တင်ပြခဲ့တယ်။ ပါတီကိုယ်တိုင်လည်း အဲဒီအတိုင်း ရပ်တည်ခဲ့ကြတယ်။ ပါတီဝင်တွေဟာ အဖွဲ့ချုပ်အောင်နိုင်ရေး ကို မဲဆန္ဒနယ်တိုင်းမှာ ဝိုင်းလုပ်ခဲ့ကြတယ်။ ရွေးကောက်ပွဲ အပြီးမှာ စစ်အစိုးရက လွှတ်တော်ခေါ်မပေးဘဲ ဥဏ်နီဥဏ် နက်တွေ ထုတ်နေချိန်မှာ ပါတီက လွှတ်တော်ခေါ်ပေးဖို့နှင့် အနိုင်ရပါတီကို အာဏာအပ်ဖို့ တခဲနက်တောင်းဆိုခဲ့တယ်။

ဒီလို ဆောင်ရွက်မှုတွေကြောင့်ပဲ ကျနော်တို့ပါတီကို စစ်အစိုးရက အကြောင်းမရှိအကြောင်းရှာပြီး တရားဝင်ပါတီ အဖြစ် ရပ်တည်လှုပ်ရှားခွင့် ရပ်စဲပစ်ခဲ့ပါတယ်။ ပါတီဝင် တော် တော်များများ အကျဉ်းထောင်တွေထဲ ရောက်သွားကြပြီး ပါတီခေါင်းဆောင်အချို့ဟာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများရဲ့ အခြေခံဒေသတွေဆီ ထွက်ခွာ ခဲ့ကြရပါတယ်။

တော်လှန်ရေးဒေသ ၂၂ နှစ်

သက်တမ်းအားဖြင့် ၃ နှစ်သားသာ ရှိသေးတဲ့၊ နုနယ် လှတဲ့ ပါတီတရပ်အဖို့ လက်နက်ကိုင် တော်လှန်ရေးဒေသ တွေမှာ ရပ်တည်ရှင်သန်ရေးကိစ္စဟာ အင်မတန်ခက်ခဲတဲ့ကိစ္စ ဖြစ်ပါတယ်။

မြို့ပြနိုင်ငံရေး အတွေ့အကြုံ တစုံတရာရှိခဲ့ကြပေမဲ့ လက်နက်ကိုင်တော်လှန်ရေး ဒေသတွေမှာတော့ အရာရာဟာ အသစ်တွေချည်း ဖြစ်နေတာပါ။ ပါတီရဲဘော်တွေဟာ မိမိတို့ ပါတီရဲ့နိုင်ငံရေးတာဝန်တွေကို ဆက်လက်သယ်ပိုးထမ်းရွက် နိုင်ရေးအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းခဲ့ကြရတာ ဖြစ်ပါ တယ်။ ပါတီရောက်ရှိသွားတဲ့ အချို့နယ်မြေဒေသတွေက အခိုင် အမာ အခြေခံဒေသတွေဖြစ်ပေမဲ့ အချို့နယ်မြေတွေက ပြောက်ကြားဒေသတွေ ဖြစ်ပါတယ်။ ရန်သူ့ထိုးစစ်တွေ အချိန်မရွေးဝင်လာနိုင်တဲ့ နယ်မြေအမျိုးအစားတွေဖြစ်ပါတယ်။

အခြေအနေသစ်ရဲ့အခက်အခဲမှန်သမျှကို ပါတီစိတ် ဓါတ်နှင့် ရဲရဲဝံ့ဝံ့ ကျော်လွှားခဲ့ကြတယ်။

ရောက်ရာအရပ်ဒေသတွေမှာ ပြည်သူနှင့်တသား တည်း နေထိုင်ရင်း၊ အရေးတော်ပုံတပ်သားစိတ်ဓါတ်ကို ခံယူ ရင်း၊ ''ပြည်သူသာအမိ ပြည်သူသာအဖ'' ဆိုတဲ့ အလုပ်လမ်း ညွှန်ကို အခိုင်အမာကိုင်စွဲပြီး ပါတီရဲ့အလံတော်ကို တော် လှန်ရေး အခြေခံဒေသတွေမှာ ဆက်လက်လွှင့်ထူခဲ့ကြတယ်။

ကျနော်တို့ယုံကြည်တဲ့နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ရေးအတွက် ဘက်ပေါင်းစုံက ဝန်းရံထောက်ခံ အကူအညီပေးခဲ့ကြတဲ့ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည် သူလွတ်မြောက်ရေးတပ်ဦး(ကလလတ)၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူလွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ ကယန်းပြည်သစ် ပါတီ အပါအဝင် လက်နက်ကိုင်တော်လှန်ရေး အင်အားစု အားလုံးရဲ့ နိုင်ငံရေးအမြော်အမြင်ကြီးမှုနှင့် ရဲဘော်ရဲဘက်စိတ် ထားတွေကတော့ ကျနော်တို့ပါတီအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေ ဖြစ်ပါတယ်။

ကျနော်တို့ပါတီကို နိုင်ငံရေးတန်ဖိုး အပြည့်ပေးတဲ့၊ တန်းတူရည်တူ ဆက်ဆံတဲ့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအင်အားစုအသီးသီးရဲ့ မဟာမိတ်ပေါ်လစီက လည်း တကယ်ကို ချီးကျူးဂုဏ်ပြုစရာ ဖြစ်ပါတယ်။

ဒီလိုနှင့် ကျနော်တို့ပါတီဟာ မဟာမိတ်အင်အားစုများ နှင့် အတူ လက်တွဲပြီး လေ့လာခွင့်၊ သင်ယူခွင့်၊ လှုပ်ရှားခွင့်တွေ အပြည့်အဝ ရရှိခဲ့ကြတယ်။ လူထုရဲ့ဘဝကို အနီးကပ် လေ့လာခွင့်ရခဲ့တယ်။ ပြည်တွင်းစစ်ရဲ့ အနှီဌာရုံတွေကို ကိုယ်တိုင်ကိုယ်ကျ ခံစားနားလည်ခွင့်ရခဲ့တယ်။ အမျိုးသား တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆုံးရှုံးနေတဲ့ အခြေအနေတွေ ကို ပိုမိုသိရှိနားလည်ခွင့် ရခဲ့တယ်။ တန်းတူမှုမရှိရင် သွေးစည်း ခိုင်မာမှု တည်ဆောက်လို့မရဘူးဆိုတာ စက္ကန့်တိုင်းမှာ သင်

ယူခွင့် ရခဲ့တယ်။ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရနှင့် စစ်ဗျူရိုကရေစီယန္တရားတွေရဲ့ တိုင်းရင်းသားညီအကို မောင်နှမတွေ အပေါ် ဗိုလ်ကျစော်ကားနေမှုတွေကို အနီးကပ်လေ့လာခွင့် ရခဲ့တယ်။

ဒီလို အလုပ်တွဲလုပ်ရင်း ကျနော်တို့ပါတီဟာ ပိုမိုရင့်ကျက်လာပြီး တော်လှန်ရေးအသွေးအသား ပိုကျလာခဲ့ပါတယ်။ ကျနော်တို့ပါတီရဲ့ဘော်တွေဟာ လက်တွေ့ပေါင်းများစွာကို ဖြတ်သန်းရင်း၊ သင်ယူလေ့လာမှုများစွာကို ဆောင်ရွက်ရင်း ယုံကြည်ချက်တွေ ပိုပြီး ခိုင်မာလာရုံမက အမြင်သဘောထားတွေလည်း ပိုပြီး ရှင်းလင်းပီပြင်လာခဲ့ပါတယ်။

စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အပြည့်အဝအာမခံတဲ့ ပြည်နယ်ပေါင်းစုပြည်ထောင်စုကြီး တည်ဆောက်ရေး ဆိုတာတွေဟာ ကျနော်တို့တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်ချက်တွေ ဖြစ်တယ်ဆိုတာ ကျနော်တို့ လေးနက်သည်ထက် ပိုပြီး လေးနက်လာခဲ့တယ်။

ဒီအတွက် ပါတီဟာ တိုက်ပွဲလက်တွေ့တွေထဲက ရရှိလာတဲ့ နိုင်ငံရေးဦးတည်ချက်တွေအောက်မှာ ပြည်တွင်းလုပ်ငန်းစဉ်၊ မဟာမိတ်များနှင့် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်နှင့် နိုင်ငံတကာလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြတယ်။

မြန်မာပြည်ဒီမိုကရေစီမဟာမိတ်အဖွဲ့ချုပ်(DAB)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု(FDB)နှင့် မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ကရက်(SYCB) စတဲ့ တပ်ပေါင်းစုတွေမှာ ပါဝင်ခဲ့ကြတယ်။ တပ်ပေါင်းစုတွေကလည်း ပါတီရဲ့နိုင်ငံရေးကို အသိအမှတ်ပြုပြီး အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ဒုတိယအတွင်းရေးမှူးချုပ်၊ ဗဟိုဦးစီးအဖွဲ့ဝင် စတဲ့ တပ်ပေါင်းစုရဲ့ ခေါင်းဆောင်မှုတာဝန်များကို ယုံယုံကြည်ကြည် ပေးအပ်ခဲ့ပါတယ်။ ပါတီအနေနဲ့လည်း ပေးအပ်လာတဲ့တာဝန်တွေကို တက်ကြွစွာ ဦးလည်မသုန် ထမ်းရွက်ခဲ့ကြပါတယ်။

ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကို အပြည့်အဝ အကာအကွယ်ပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲတာ၊ စစ်အစိုးရရဲ့ လမ်းပြမြေပုံ ၇ ချက်ကို အဆင့်တိုင်းမှာ ဆန့်ကျင်တာ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲကို ကန့်ကွက်မဲပေးပြီး လူထုဆန္ဒဖေါ်ထုတ်တိုက်ပွဲဆင်ကြဖို့ ကြိုးပမ်းတာ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြတ်ပြတ်သားသား ဆန့်ကျင်တာ၊ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်တာနဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာ၊ ၃ ပွင့်ဆိုင်တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို ထောက်ပြတောင်းဆိုတာ စတဲ့ လုပ်ငန်းတွေကို မဟာမိတ်အင်အားစုတွေနှင့်အတူ ပါတီဟာ ပြည်တွင်းလှုပ်ရှားမှုသဏ္ဌာန်နဲ့ရော နိုင်ငံတကာလှုပ်ရှားမှုသဏ္ဌာန်နဲ့ပါ တက်ကြွစွာ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်တွင်းမှာရှိကြတဲ့ ပါတီရဲဘော်တွေကလည်း စစ်အစိုးရရဲ့ ဥပဒေမဲ့ အဆင်ခြင်မဲ့ ဖမ်းဆီးထောင်ချနေတဲ့ ကြားထဲကကိုပဲ ဒီလုပ်ငန်းစဉ်တွေကို အတွင်းအပြင် ဟန်ချက်ညီလှုပ်ရှားဆောင်ရွက်ခဲ့ကြတယ်။

ဒီ ၂၂ နှစ်ဟာလည်း ပေးဆပ်ရင်းနှီးမှုပေါင်းများစွာနဲ့ ဖြတ်သန်းခဲ့ကြရတဲ့ နှစ်ကာလတွေ ဖြစ်ပါတယ်။

နောက်ဆုံး ၄ နှစ်

ဦးသိန်းစိန်အစိုးရနှင့် ကျနော်တို့ ၆ ကြိမ် ဆွေးနွေးပြီးတဲ့အခါ ကျနော်တို့ပါတီ ပြည်တွင်းမှာ ပြန်ပြီး လှုပ်ရှားနိုင်ဖို့အတွက် ဦးတင်အေးရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံပြန်တင်ရမယ့်အဆင့် ဖြစ်လာတယ်။ တကယ်လက်တွေ့ မှတ်ပုံတင်တဲ့အခါ ပြည်ထဲရေးက အကြောင်းအမျိုးမျိုးပြပြီး၊ အကြောင်းအမျိုးမျိုးဖန်တီးပြီး ဟိုထစ်ဒီဆို့ လုပ်နေတာကြောင့် မှတ်ပုံတင်တဲ့ဖြစ်စဉ် မလိုအပ်ဘဲ တနှစ်နီးပါး ကြာသွားခဲ့ရတယ်။ ဒါဟာ သာမန် သွေးရိုးသားရိုး ကြာတာမဟုတ်ဘူးလို့ ကျနော်တော့ ယူဆတယ်။

ကျနော်တို့ပါတီ ပြည်တွင်းမှာ လူထုတွေနှင့်အတူ၊ မဟာမိတ်တွေနှင့်အတူ၊ လုပ်ဖော်ကိုင်ဖက်တွေနှင့်အတူ တရားဝင် လွတ်လွတ်လပ်လပ် လက်တွဲဆောင်ရွက်ခွင့်ကို ကြံ့ကြာနိုင်သမျှ ကြံ့ကြာအောင် ဖမ်းထိန်းထားတာ ဖြစ်တယ်။ ကျနော်တို့ ပါတီ လူထုကြားမှာ တရှိန်ထိုး ကြီးထွားသွားမှာကို စစ်အုပ်စုက တားဆီးတာ၊ ကန့်သတ်တာ၊ အရှိန်လျော့ပစ်တာ ဖြစ်တယ်လို့ ကျနော် ယူဆတယ်။

ကန့်သတ်မှုတွေ၊ တစ်ဆို့မှုတွေ အမျိုးမျိုးကြားကပဲ ပါတီဟာ ၂၀၁၄ ခုနှစ်အောက်တိုဘာ ၂၄ ရက်နေ့မှာ လူထုတွေနှင့် အတူ၊ မဟာမိတ်တွေနှင့်အတူ အလုပ်လုပ်ခွင့်တော့ ရရှိခဲ့ပါပြီ။ အနေအထားသစ်မှာ ကြုံတွေ့ရတဲ့ စိန်ခေါ်ချက်တွေ၊ အခက်အခဲတွေကို ရင်ဆိုင်ဖြတ်သန်းရင်း ကျနော်တို့ပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးပမ်းခဲ့ကြတာ ဒီနေ့ဆိုရင် ၃ နှစ်နီးပါး ရှိခဲ့ပါပြီ။

ဒီနေ့ကာလ နိုင်ငံရေးအခြေအနေများနှင့် ပါတီရဲ့ သန္နိဋ္ဌာန်

ဒီနေ့ကာလ နိုင်ငံရေးအခြေအနေတွေကို တိတိကျကျ ကြည့်ရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်ရဲ့ အောက်မှာစစ်အာဏာရှင်စနစ်ဟာ သဏ္ဌာန်အမျိုးမျိုးနဲ့ အခိုင်

စာမျက်နှာ (၁၅) သို့ ဆက်ရန်

First Weekly သတင်းဂျာနယ်အယ်ဒီတာ ဦးသက်ဝေ၏ မေးခွန်းများကို ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်မှ ဖြေကြားချက်

ဦးသက်ဝေ – **အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေး ကွဲပြားခြား နားချက်များအပေါ် သုံးသပ်ဆွေးနွေး ဖြေကြားပေးစေလိုပါတယ်။**

ဥက္ကဋ္ဌ – ကျနော်ကတော့ အဲ့ဒီအသုံးအနှုန်းတွေ ဘယ်လိုက နေ ဘယ်လို ပေါက်ဖွါးလာသလဲ နားမလည်နိုင်ပါဘူး။

နိုင်ငံရေးဆိုတာ နိုင်ငံရေးပါပဲ။ လူတိုင်းလူတိုင်းဟာ ကိုယ့်နိုင်ငံကိုယ် သာယာငြိမ်းချမ်းဖို့၊ တရားမျှတဖို့၊ တန်းတူဖို့၊ ညီညွတ်ဖို့၊ ဖွံ့ဖြိုးဖို့ ကိုယ်တတ်နိုင်တဲ့ ထောင့်နေရာက တတ်နိုင်သမျှ ပါဝင်ဖို့ ကြိုးစားတယ် ဆိုတာကပဲ သော့ချက်ဖြစ်ပါတယ်။

တကယ့်အခြေအနေတွေ အောက်မှာဆိုရင် အရပ်ဖက်အဖွဲ့အစည်းပုံသဏ္ဌာန်ဖြစ်ဖြစ်၊ သမဂ္ဂပုံသဏ္ဌာန်တွေနဲ့ ဖြစ်ဖြစ်၊ နိုင်ငံရေးပါတီလို စုဖွဲ့တဲ့ပုံသဏ္ဌာန်ဖြစ်ဖြစ် ဒီလူအဖွဲ့အစည်း တိုးတက်အောင် ပိုကောင်းမွန်အောင် ဆောင်ရွက်ကြဖို့ချည်းပါပဲ။ အားလုံးက တိုင်းပြည်အတွက်၊ လူအဖွဲ့အစည်းအတွက် ဆောင်ရွက်ကြတာ ဆောင်ရွက်ကြရမှာလို့ပဲမြင်တယ်။

အဲ့ဒါကြောင့် မေးခွန်းမှာပါတဲ့ အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးဆိုတာ သီးခြားစီဖြစ်တယ်လို့ ကျနော် မယူဆဘူး၊ မခံယူပါဘူး။ ဒီအတွက် ကွဲပြားခြားနားချက် ဆိုတာလည်း ကျနော် ဖြေဆိုသုံးသပ်ပြဖို့ ခက်ပါလိမ့်မယ်။

နည်းနည်း ဖြည့်ပြောချင်တာက ဘယ်နိုင်ငံရေးပါတီမဆို ကိုယ်ယုံကြည်တဲ့ အတွေးအခေါ် အယူအဆကို အခြေခံပြီး၊ အမျိုးသားပြည်သူတရပ်လုံးရဲ့ အကျိုးစီးပွါးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ကြရတာချည်းပါပဲ။ ကနေ့ခေတ်ဆိုရင် တိုင်းနိုင်ငံဆိုတဲ့ ဘောင်တွေတောင်မှ ကျော်လွန်ပြီး၊ ဒေသတွင်းကိစ္စ နိုင်ငံတကာကိစ္စတွေအထိ ကိုယ်နဲ့အခြေခံတူတဲ့ နိုင်ငံတကာက နိုင်ငံရေးပါတီတွေနဲ့ ဆက်စပ်ပြီး ကမ္ဘာကြီးအတွက်၊ ကိုယ့်ဒေသအတွက် အကျိုးပြုနိုင်ဖို့ ဆောင်ရွက်နေကြတာ အထင်အရှားပါဘဲ။

ဦးသက်ဝေ – **မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရုတ်နိုင်ငံ ပါဝင်လာမှုအပေါ် သဘောထားအမြင် သုံးသပ်ချက်။**

ဥက္ကဋ္ဌ – ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အိမ်နီးချင်းနိုင်ငံတွေ ပါဝင်လာရတာ သဘာဝကျပါတယ်၊ တရုတ်ဖြစ်စေ၊ ထိုင်းဖြစ်စေပေါ့။ ဘာလို့လဲဆိုတော့ ကျနော်တို့နိုင်ငံက တော်လှန်ရေးအဖွဲ့အစည်းတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေက သူတို့နိုင်ငံတွေနဲ့ ထိစပ်နေကြလို့ပါပဲ။ အဲ့ဒီတော့ ပါဝင်ချင်သည်ဖြစ်စေ မပါဝင်ချင်ဖြစ်စေ တနည်းနည်းနဲ့တော့ ပါကိုပါရမယ့် အနေအထား ဖြစ်နေတယ်။

နောက် တရုတ်ပြည်သူသမ္မတနိုင်ငံအနေနဲ့က သူ့ရဲ့ စီးပွါးရေး နိုင်ငံရေး မဟာဗျူဟာစီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့ဆိုရင် သူနယ်စပ်ဒေသတွေ၊ အိမ်နီးချင်းနိုင်ငံတွေ နိုင်ငံရေးအရ တည်ငြိမ်ဖို့၊ အေးချမ်းဖို့ဆိုတာ အရေးကြီးတယ်။

နောက် တရုတ်က ကျနော်တို့ အိမ်နီးချင်းတင်ဖြစ်တာ မဟုတ်ဘူး၊ ကမ္ဘာ့အင်အားကြီးနိုင်ငံတခုပါဖြစ်တော့ တခြားသူနဲ့ယှဉ်ပြိုင်ဖက်တွေရဲ့ ကျနော်တို့နိုင်ငံအပေါ် သဘောထားတွေကိုလည်း ထိန်းယူနိုင်ဖို့ သူဘက်က စဉ်းစားမှာ မလွဲပါဘဲ။

အဲ့သည်တော့ တရုတ်က ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ထဲထဲဝင်ဝင် ပါဝင်နိုင်ခွင့်ရဖို့ တောင်းဆိုကောင်း တောင်းဆိုမှာဖြစ်တယ်။ ကျနော့်အနေနဲ့ လုပ်ကိုလုပ်လိမ့်မှာဖြစ်တယ်လို့ ယူဆတယ်။

ကျနော်တို့နိုင်ငံအနေနဲ့ကလည်း ကျနော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီလိုတဲ့ မိတ်ဆွေနိုင်ငံတိုင်းကို ဝမ်းပန်းတသာ ကြိုဆိုကြရမယ်လို့ ကျနော် ယူဆတယ်။ ဒါ ဖြစ်သင့်တဲ့ အခြေခံသဘောထားလို့ မြင်တယ်။ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီမှုတွေကို ကျနော်တို့အတွက် ဘယ်လို အကျိုးရှိအောင် အသုံးချမလဲ ဆိုတာကသာ ကျနော်တို့ဖာသာ ဖြေကြရမယ့် မေးခွန်းဖြစ်တယ်။

နောက် တရုတ်နိုင်ငံကို သူနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက အလေးထားကြရတယ်။ ကျနော်တို့(တတိုင်းပြည်လုံး) အဖို့ကလည်း တစုံတရာ အလေးထားကြရတယ်ဆိုတာ လက်တွေ့ပါဘဲ။ အကယ်၍သာ တရုပ်ပြည်သူ့သမ္မတနိုင်ငံရဲ့ သဘောထားကလည်း မှန်ကန်မယ်၊ ကျနော်တို့ အင်အားစုတွေရဲ့ သဘောထားကလည်း ငြိမ်းချမ်းရေးတည်ဆောက်လိုတဲ့ သဘောထား၊ စိတ်ဆန္ဒ အမှန်တကယ်ရှိကြမယ်ဆိုရင် ကျနော်တို့ရဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် တရုတ်နိုင်ငံက အများကြီး အကျိုးပြုနိုင်ပါလိမ့်မယ်။

ကျနော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်လောက်တင်မဟုတ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး အထူးကောင်းမွန်ဖို့ လိုအပ်မယ် ထင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ တခါတခါ အင်အားကြီးနိုင်ငံတွေနဲ့ ဆက်ဆံရေးတွေမှာ သူတို့ဘက်က



ဗိုလ်ကျသလိုဖြစ်တတ်တာ ဖြစ်လေ့ဖြစ်ထရှိတယ်လို့ ထင်မိတယ်။ ဒါ့ကြောင့်မို့

(က) ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရုတ်ရဲ့ပါဝင်မှုဟာ ကျနော်တို့ တိုင်းပြည် တည်ငြိမ်ရေး၊ အေးချမ်းရေးဆိုတဲ့ ရည်ရွယ်ချက်က အဓိကနေရာက ရှိရမယ်။ ဒါမှ အကောင်းဘက်က ပါဝင်မှုလို့ ဆိုနိုင်တယ်။

(ခ) ကျနော်တို့ နိုင်ငံ့အကျိုး – သူတို့နိုင်ငံ့အကျိုး မျှတဖို့လိုတယ်။

(ဂ) ကျနော်တို့ပြည်သူတွေရဲ့ သဘောဆန္ဒတွေကို အလေးထားဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

ဦးသက်ဝေ – **လက်ရှိမြန်မာနိုင်ငံမှာ NLD လူထုအစိုးရနဲ့ တပ်မတော် ဆိုပြီး၊ Institution ၂ ခု သီးခြား ရပ်တည်နေတယ်ဆိုတဲ့ တိုင်းရင်းသားခေါင်းဆောင်အချို့ရဲ့ ဝေဖန်ပြောကြားချက်အပေါ် သဘောထားအမြင် သုံးသပ်ချက်။**

ဥက္ကဋ္ဌ – ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ မလွဲမရှောင်သာ သဘာဝကျကျ အစိုးရ ၂ ခုလို ကျနော်တို့ နိုင်ငံမှာ ဖြစ်တည်နေတာ လက်တွေ့ပါပဲ။

တိုင်းရင်းသားခေါင်းဆောင်အချို့တင် မဟုတ်ပါဘူး၊ နိုင်ငံရေးအင်အားစုအားလုံးလိုလိုက ဒီအတိုင်းပဲ မြင်ပါတယ်။ ဟိုတလောက ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကတောင် Civilian Authority နဲ့ Military Authority ဆိုပြီး ခွဲခြားပြီး သုံးသွားတဲ့သတင်း ကျနော်ကြည့်လိုက်ရတယ်။

ဒီတော့ ကျနော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ မဟုတ်သေးဘူးလို့ ပြောလို့ရတယ်။ တပ်မတော်က နိုင်ငံရေးကနေ လုံးဝဆုတ်ခွါပါမှ ကျနော်တို့နိုင်ငံ ဒီမိုကရေစီနိုင်ငံ ဖြစ်လိမ့်မယ်။ ဒီလိုအခြေအနေတွေ မဖြစ်နိုင်သေးရင်တောင် တပ်မတော်က အစိုးရကို ပြည့်ပြည့်ဝဝ နာခံဖို့လိုလိမ့်မယ်။ အနိမ့်ဆုံးအဆင့် အလေးထားပြီး ဟန်ချက်ညီ ဆောင်ရွက်နိုင်ဖို့ လိုလိမ့်မယ်။

အကယ်၍ တပ်မတော်မှာ အရေးကိစ္စတွေနဲ့ ပတ်သက်လို့ သီးခြားသဘောထားတွေ ရှိနေရင်တောင်မှ လူထု ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့ တိုင်ပင်ညှိနှိုင်းပြီးမှသာ လုပ်ရမယ့် လုပ်ငန်းဆောင်တာတွေ လုပ်ဆောင်သင့်တယ်လို့ ကျနော် ယူဆတယ်။

ဦးသက်ဝေ – **NLD အစိုးရလက်ထက်မှာ နိုင်ငံရေးအရ ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုအချို့ ရှိခဲ့ပေမယ့် စီးပွါးရေး၊ လူမှုရေးနဲ့ တရားဥပဒေစိုးမိုးရေး စတဲ့ကဏ္ဍများမှာ ပိုမိုဆိုးရွားစွာ ကျဆင်းသွားတယ်ဆိုတဲ့ အချက်အပေါ် သုံးသပ်ဆွေးနွေး ဖြေကြားပေးစေလိုပါတယ်။**

ဥက္ကဋ္ဌ – နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအချို့ ရှိခဲ့တယ်ဆိုတာက အငြင်းပွါးစရာ ရှိတယ်လို့ ပြောချင်ပါတယ်။ တကယ်က ရွေးကောက်ပွဲ ကတိကဝတ်တွေဖြစ်တဲ့ ငြိမ်းချမ်းရေးကိစ္စ နဂိုရှိအတိုင်းပဲ။ တိုက်ပွဲတွေတောင် ပိုများလာသေးတယ်။ ရခိုင်ပြဿနာဆိုရင် ကျနော်တို့တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာ ကမ္ဘာ့အလယ်မှာ ကျဆင်းသွားရတာ ငြင်းလို့မရတဲ့ အချက်ပဲ။

ဖွဲ့စည်းပုံပြင်ရေး ကိစ္စကရော လွှတ်တော်ထဲမှာ အသံတောင် မထွက်တော့ဘူး ဖြစ်နေတယ်။

တရားဥပဒေစိုးမိုးရေးကရော ဘယ်လိုလဲ။ ဝန်ကြီးဟောင်းတယောက်ရဲ့သား၊ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် တဦးကို လက်နက်တွေနဲ့ နေပြည်တော်လေဆိပ်လိုမျိုးမှာ မိခဲ့တာ လက်တွေ့ပဲ။

အစိုးရက ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လုံခြုံရေးတွေဘက်ကို အခုအချိန်အထိ မည်မည်ရရ ဦးမလှည့်နိုင်သေးဘူး။

နိုင်ငံရေးအရ တိုးတက်မလာလို့၊ အကြပ်အတည်းတွေ့နေလို့ စီးပွါးရေး၊ လူမှုရေး အကြပ်အတည်းတွေ တွေ့နေတာလို့ ကျနော် တင်ပြချင်တယ်။

ကျနော် ပြောသင့်တယ်လို့ ယူဆတဲ့ စကားအနည်းငယ်ကို ထည့်သွင်း ပြောချင်ပါတယ်။

၁။ တိုင်းပြည်ကို တယောက်တည်း အုပ်ချုပ်လို့ မရနိုင်ဘူး။

၂။ အစုအဖွဲ့ လိုတယ်။ တစုလုံး တဖွဲ့လုံး အရည်အချင်းပြည့်ပြီး လုပ်နိုင်ကိုင်နိုင် ရှိဖို့လိုတယ်။

၃။ လက်တွဲဖော် မဟာမိတ်တွေ လိုတယ်။

ဒါတွေဟာ နိုင်ငံရေးကို မြှင့်တင်နိုင်ဖို့၊ စီးပွါးရေးကို မြှင့်တင်နိုင်ဖို့ လိုအပ်ချက်တွေဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဦးသက်ဝေ – **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ၂၁ ရာစု ပင်လုံညီလာခံဟာ NLD ပါတီရဲ့ လက်ရှိ ၂၀၁၆–၂၀၂၀ အစိုးရသက်တမ်းကာလအတွင်းမှာ အောင်မြင်မှု ရရှိနိုင်ပါ့မလား သုံးသပ်ဆွေးနွေး ဖြေကြားပေးစေချင်ပါတယ်။**

ဥက္ကဋ္ဌ – အခုပဲ ၂၀၁၇ က ကုန်ပါတော့မယ်၊ NCA ကို လက်မှတ်ထိုးသူက မူလ ၈ ဖွဲ့အတိုင်းပဲရှိသေးတယ်။ NCA ကို ပြန်လည်မသုံးသပ်နိုင်ရင်၊ သုံးသပ်ခဲ့သည့်တိုင် အသေအချာသဘောတူညီမှု မရရင် UNFC အဖွဲ့ဝင်တွေက NCA ကို လက်မှတ်ထိုးလာဖို့ မသေချာနိုင်ဘူး။ နောက် ၀ တို့၊ ကချင်တို့ စတဲ့ မြောက်ပိုင်းအဖွဲ့တွေကလည်း ကျန်နေသေးတယ်။

ဒီကြားထဲမှာ အစိုးရဖြစ်ဖြစ်၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အာရုံမစိုက်လို့ မရနိုင်တဲ့ ရခိုင်ပြည်နယ် ပြဿနာက ထပ်ပေါ်လာတော့ NCA နဲ့ ငြိမ်ချမ်းရေးဖြစ်စဉ်

အပေါ် အများကြီး ရှိက်ခတ်မှုရှိနိုင်တယ်။

ဟိုတလောက NCA လက်မှတ်ထိုးထားတဲ့ လက်နက်ကိုင် ၈ ဖွဲ့ထဲက အဓိကအကျဆုံး အဖွဲ့အစည်းကြီးဖြစ်တဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) က သဘောထားကြေညာချက် ၁ စောင် ထုတ်ပြန်တာ တွေ့လိုက်ရတယ်။ ကြေညာချက်မှာက လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြဿနာတွေကို ၂၀၀၈ ဖွဲ့စည်းပုံဘောင်အတွင်းကနေ ဖြေရှင်းဖို့ ခက်လိမ့်မယ်။ ဒါကြောင့် အစိုးရအနေနဲ့၊ တပ်မတော်အနေနဲ့ ကိုင်စွဲထားတဲ့ မူဝါဒတွေကို ဖြေလျှော့ပေးဖို့ လိုတယ်လို့ ဖော်ပြထားပါတယ်။

ကျနော့်အမြင်မှာတော့ တပ်မတော်အနေနဲ့ကလည်း သူ့မူဝါဒတွေကို ဖြေလျှော့ဖို့ဆိုတာ ခက်နိုင်တယ်။ ဖြေလျှော့တော့မယ်လက္ခဏာလည်း မတွေ့ရသေးပါဘူး။

ချုပ်ကြည့်ရင်တော့ ဒီ ၃ – ၄ နှစ် လောက်အတွင်း ပြေလည်ဖို့ဆိုတဲ့ အချက်အလက် ကျနော် မတွေ့မိသေးပါဘူး။

ဦးသက်ဝေ – **လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေနဲ့ အနာဂတ်အလားအလာများအပေါ် သုံးသပ်ဆွေးနွေးဖြေကြားပေးစေလိုပါတယ်။**

ဥက္ကဋ္ဌ – ကျနော့်ရဲ့ အဖြေ (၃၊ ၄၊ ၅) တို့ဟာ လက်ရှိနိုင်ငံရေးအခြေအနေတွေပဲ ဖြစ်တယ်။ ဒါပေမဲ့ တခုလုံးကိစ္စကို ချုပ်ပြီး ကျနော် တင်ပြပါ့မယ်။

၁။ ကျနော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီအခြေအနေတွေ ခိုင်မာဖို့ ရုန်းကန်နေရဆဲဖြစ်တယ်။ ဒီမိုကရေစီအခြေအနေတွေ ခိုင်မာဖို့ဆိုတာ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့လိုတယ်။ ထို့အတူပဲ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး အောင်မြင်ဖို့လိုတယ်။

၂။ ဒီလုပ်ငန်းစဉ် ၂ ရပ် အောင်မြင်ဖို့ဆိုရင် ဒီ ၂ ရပ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်လိုတဲ့ (Political Will) ဟာ အစိုးရမှာ၊ တပ်မတော်မှာ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေမှာ၊ နိုင်ငံရေးအင်အားစုတွေမှာ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေမှာ ခိုင်ခိုင်မာမာ ရှိနေကြဖို့ လိုတယ်။

၃။ ပြည်သူတွေရဲ့ စီးပွါးရေးဘဝကလည်း အရေးကြီးတယ်။ ကနေ့အခြေအနေမှာ အခြေခံလူထုရဲ့ စားဝတ်နေရေး ပြဿနာကို လျစ်လျူရှုခံထားရသလို ဖြစ်နေတယ်။

၄။ အရေးထဲအရာပေါ်ဆိုသလို တကမ္ဘာလုံးနဲ့ မသင့်မတင့်ဖြစ်စရာ ရခိုင်ပြည်နယ်ရဲ့ပြဿနာတခုက ထပ်တိုးလာတယ်။

၅။ တရားဥပဒေစိုးမိုးရေးကလည်း လူသိရှင်ကြား ယိုယွင်းနေတယ်။

၆။ ဒီအခြေအနေတွေကို မကျော်နိုင်ရင် တိုင်းပြည်ရဲ့ အနာဂတ်အရေးဟာ ရင်လေးစရာ ဖြစ်တယ်။

၇။ သို့သော် စိတ်ဓာတ်ကျစရာ၊ အားလျော့စရာချည်းလို့ ကျနော်တော့ မထင်ဘူး။

ကျနော်တို့မှာ အရင်ကနဲ့မတူတဲ့ ပြောနိုင်ဆိုနိုင် လှုပ်ရှားနိုင်တဲ့ ဝန်းကျင်တခု ရှိနေတယ်။ ဒါကို သေချာ ဆုပ်ကိုင်ပြီး ကျနော်တို့အင်အားစုတွေအားလုံး စုနိုင်မယ် ညီညွတ်နိုင်မယ် ဆိုရင် ဖော်ပြခဲ့တဲ့ အခက်အခဲတွေကို ကျော်နိုင်ကြမယ်လို့ ယုံတယ်။ ကျနော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ ဖြစ်ကို ဖြစ်လာမှာလို့ ယုံကြည်ပါတယ်။

■

စာမျက်နှာ (၁၂) မှ အဆက်

အမာ ရှိမြဲရှိနေတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့မြင်ကြရမှာ ဖြစ်ပါ တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ် အနိုင်ရတာ၊ အဖွဲ့ချုပ်ကဦးဆောင်ပြီး အစိုးရတရပ် ဖွဲ့စည်းထားနိုင်တာတွေက ကိုယ့်ဘက်က တက်လာတဲ့ ခြေလှမ်းသစ်တွေလို့ ဆိုရင်ရနိုင်ပေမဲ့ လက်တွေ့ကျ အစိုးရ ၂ ရပ်လို ဖြစ်နေတဲ့ အတွက် အဖွဲ့ချုပ်အစိုးရသည်ပင်လျှင် ရွေးကောက်ပွဲ ကတိကဝတ် ၃ ခုကို အကောင်အထည်ဖော်ဖို့ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေရတဲ့ အခြေအနေပါ။ ဒါဟာ တကယ့်လက်တွေ့ အရှိတရားတွေ ဖြစ်ပါတယ်။ ဒီအခြေအနေ ဒီရာသီဥတုအောက်မှာ ကျနော်တို့ပါတီ လှုပ်ရှားရုန်းကန်ကြရမှာ ဖြစ်ပါတယ်။

ပြဿနာတွေက ပိုပြီးသိမ်မွေ့လာသလို ပိုပြီးခက်ခဲရှုပ်ထွေးလာတယ်ဆိုတာ လက်တွေ့ မြင်နေကြရပါပြီ။ တိုင်းပြည်ရဲ့ အခြေအနေကတော့ အကိုင်အတွယ်မတတ်ရင် အချိန်မရွေး နောက်ပြန်ဆုတ်သွားနိုင်တဲ့ အနေအထားလည်း ဖြစ်ပါတယ်။

ဘယ်လောက်ပင် အခက်အခဲကြီးနေပါစေ ကျနော်တို့ရဲ့ လေ့လာမှု၊ ကျနော်တို့ရဲ့ ၂၉နှစ် အတွေ့အကြုံတွေဟာ ကျနော်တို့ရဲ့ ရှေ့ခရီးအတွက် အားထားလောက်တဲ့ အလုပ်လမ်းညွှန်တွေ မုချဖြစ်လိမ့်မယ်လို့ ကျနော် ယုံကြည်ပါတယ်။ ပါတီအနေနဲ့ လူမျိုးပေါင်းစုံပြည်သူလူထုကြီးနဲ့အတူ၊ ရည်ရွယ်ချက်တူ အလုပ်တူ မိတ်ဖက်အင်အားစုတွေနဲ့အတူ အခိုင်အမာ လက်တွဲပြီး အောင်ပွဲရသည်အထိ တက်ကြွရဲရင့်စွာ ဆက်လက်သယ်ပိုး ထမ်းရွက်သွားကြရမှာ ဖြစ်ပါတယ်။

■ ငွန်မှိုင်း

ပွင့်ဖြူမြို့နယ် စည်းရုံးရေးကော်မတီဝင်များနှင့် သွားရောက်တွေ့ဆုံ




လူဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့် ဗဟိုဦးဆောင်ကော်မတီဝင် ဦးတိုးတိုးထွန်းတို့သည် ၂၀၁၇၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် စည်းရုံးရေးကော်မတီဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံ ၏ရာတွင် ဗဟိုစည်းရုံးရေးကော်မတီဝင် ဦးအောင်နိုင်ဦးနှင့် ဦးသန့်စင်တို့လည်း တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် ဥက္ကဋ္ဌက ပါတီဌာနချုပ်၏ ဆောင်ရွက်နေပုံများနှင့် ယနေ့ကာလ နိုင်ငံရေးအခြေအနေများအပေါ် ပါတီ၏အမြင်နှင့် ရပ်တည်ချက်များကို စတင်ပြီး ရှင်းလင်းတင်ပြပါသည်။ ဆက်လက်၍ ပွင့်ဖြူမြို့နယ် စည်းရုံးရေးအခြေအနေများ၊ မကွေးတိုင်းစည်းရုံးရေးကော်မတီ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ပါတီစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၁၇ လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးပွဲ



လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ – Economic Literacy ကို ၂၀၁၇ အောက်တိုဘာ ၄ ရက်နှင့် ၅ ရက် နေ့တို့တွင် မြင်းခြံမြို့၌ ပြုလုပ်ရာ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ လိုအပ်ချက်များ၊ စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများ၊ စီးပွါးရေးမူဝါဒများ ချမှတ်ရာတွင် အခြေခံသင့်သည်များ စသည်တို့ကို ဆွေးနွေးခဲ့ ကြပါသည်။ ဆွေးနွေးပွဲသို့ ပါတီဥက္ကဋ္ဌ ၊ အတွင်းရေးမှူး(၂)နှင့် ဌာနချုပ်ရဲဘော်များ၊ မန္တလေး၊ မြင်းခြံ၊ တံတားဦး၊ မကွေး၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်တို့မှ ရဲဘော်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အောက်တိုဘာ ၆ ရက်နေ့ နံနက်ပိုင်းတွင် ဆွေးနွေးပွဲရရှိချက်များကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ နေ့လည်ပိုင်းတွင် ၂၀၁၇ အတွင်း ပါတီက ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဌာနချုပ်ရဲဘော်များက တင်ပြဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာသည့်ရဲဘော်များကလည်း မိမိတို့ဒေသအသီးသီးရှိ အခြေအနေများကို ပြန်လည်တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

အင်ဒိုနီးရှားနိုင်ငံ ဆာမန်ဂီးလူပ်ရှားမှုနှစ်ပတ်လည်ဆွေးနွေးပွဲသို့ ပါတီဥက္ကဋ္ဌ တက်ရောက်



၁၉၉၈ ခုနှစ်က အင်ဒိုနီးရှားတွင် ပေါ်ပေါက်ခဲ့သည့် အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများထဲမှ အရေးပါသည့် ဆာမန်ဂီးလှုပ်ရှားမှု နှစ်ပတ်လည် အမှတ်တရဆွေးနွေးပွဲကို ဆာမန်ဂီးဒေသရှိ အက်မာဂျာယာ တက္ကသိုလ်၌ ၂၀၁၇ စက်တင်ဘာ ၁၈ ရက်နေ့က ကျင်းပခဲ့ရာ ဆာမန်းဂီးလူထုလှုပ်ရှားမှုတွင် ကျဆုံးခဲ့သူများ၊ နစ်နာဆုံးရှုံးခဲ့ရသူများအတွက် တရားမျှတမှု၊ အတိတ်က လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများအတွက် တရားမျှတမှု ဘယ်လိုရှာဖွေမလဲဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံတကာမှမိတ်ဆွေအင်အားစုများကို ဖိတ်ကြားပြီး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကျောင်းသူ ကျောင်းသားများ၊ ပညာရှင်များ၊ ဆာမန်းဂီးလူထုလှုပ်ရှားမှုတွင် ကျဆုံးခဲ့သူများ၏ မိသားစုဝင်များတက်ရောက်ခဲ့ကြပြီး မြန်မာ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ တက်ရောက်ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံမှ DPNS ဥက္ကဋ္ဌ ဦးအောင်မိုးဇော် တက်ရောက်ပြီး ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ပါသည်။